PROVEN
GROUP OF COMPANIES

နှစ်ပတ်လည်အစီရင်ခံစာ

၂၀၂၅ ဧပြီလ - ၂၀၂၆ မတ်လ

PROVEN DISTRIBUTION | PROVEN TECHNOLOGY INDUSTRY | PROVEN POLYWORLD | YANGON METAL INDUSTRY | PROVEN INTERNATIONAL | PROVEN ENERGY | PROVEN PROPERTIES | PROVEN AUTO

Proven Group of Companies
နှစ်ပတ်လည် အစီရင်ခံစာ

Proven Group of Companies ၏ နှစ်ပတ်လည် အစီရင်ခံစာသည် ၂၀၂၅ ဧပြီလမှ ၂၀၂၆ မတ်လအထိ Group of Companies ဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် အစုရှယ်ယာရှင်များ၊ သက်ဆိုင်ရာ ပတ်သက်ဆက်နွယ်နေသူများ(Stakeholders)အား သိရှိနိုင်ရန် တင်ပြအစီရင်ခံထားပါသည်။

ယခု နှစ်ပတ်လည်အစီရင်ခံစာသည် Proven Group of Companies ၏ လုပ်ငန်းအဝန်းအဝိုင်း၊ စီမံအုပ်ချုပ်မှု၊ လုပ်ငန်းသဘာဝအရ လိုက်နာကျင့်သုံးတင်ပြရမည့် နိုင်ငံတကာ သတ်မှတ်စံချိန်စံနှုန်းများ အထူးသဖြင့် AA1000 ၊ GRI ၊ SDGs နှင့် Integrated Reporting များနှင့်အညီ လိုက်နာရေးသား တင်ပြထားပါသည်။

မာတိကာ

ဥက္ကဋ္ဌ၏ဥယျောဇဉ်
အထင်ကရ ဆောင်ရွက်နိုင်ခဲ့မှုများ

The Corporate Profile
အခန်း(၁)
ကော်ပိုရိတ် အကြောင်း
PROVEN GROUP OF COMPANIES

၁.၁ သမိုင်းအကျဉ်းချုပ်

၁.၁.၁ ဖွဲ့စည်းပုံ
၁.၁.၂ Business Model
၁.၁.၃ မျှော်မှန်းချက်၊ ရည်ရွယ်ချက်၊ ခံယူထားသည့်တန်ဖိုး သတ်မှတ်ချက်များ နှင့် ကတိကဝတ်
၁.၁.၄ နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်များ နှင့် ဆုတံဆိပ်များ

၁.၂ လုပ်ငန်း အဝန်းအဝိုင်း

၁.၂.၁ Proven Group of Companies Co., Ltd
၁.၂.၂ Proven Distribution Co., Ltd
၁.၂.၃ Proven Technology Industry Co., Ltd
၁.၂.၄ Proven PolyWorld Co., Ltd
၁.၂.၅ Proven International Co., Ltd
၁.၂.၆ Yangon Metal Industry Co., Ltd
၁.၂.၇ Proven Auto Co., Ltd
၁.၂.၈ Proven Energy Co., Ltd
၁.၂.၉ Proven Properties Co., Ltd
၁.၂.၁၀ Proven Engineering Co., Ltd
၁.၂.၁၁ Proven Autoparts & Care Co., Ltd

၁.၃ ဝင်ငွေ ရရှိမှု

၁.၃.၁ ဝင်ငွေ
၁.၃.၂ Company's Capital and Debt Structure

၁.၄ ပိုင်ဆိုင်မှု

၁.၅ အနာဂတ် အစီအစဉ်များ

Coporate Governance
အခန်း(၂)
ကော်ပိုရိတ် အုပ်ချုပ်မှု

၂.၁ CEO ၏ အမှာစကား

၂.၂ ဒါရိုက်တာအဖွဲ့

- ၂.၂.၁ ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းပုံ
- ၂.၂.၂ ဒါရိုက်တာအဖွဲ့
- ၂.၂.၃ ဒါရိုက်တာများ လေ့ကျင့်ပျိုးထောင်မှု အစီအစဉ်
- ၂.၂.၄ ဒါရိုက်တာအဖွဲ့ အစည်းအဝေးကျင်းပမှု
- ၂.၂.၅ နှစ်ပတ်လည် စုံညီအစည်းအဝေးကျင်းပမှု

၂.၃ စီမံခန့်ခွဲမှု အဖွဲ့

၂.၄ ဒါရိုက်တာအဖွဲ့၏ ကော်မတီများ

- ၂.၄.၁ အမည်စာရင်း တင်သွင်းရေးနှင့် အခကြေးငွေ သတ်မှတ်ရေးကော်မတီ
- ၂.၄.၂ စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များ စီမံခန့်ခွဲမှု ကော်မတီ
- ၂.၄.၃ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှု ကော်မတီ
- ၂.၄.၄ စီးပွားရေး စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကော်မတီ

Coporate Social Responsibility
အခန်း(၃)
ကော်ပိုရိတ် လူမှုတာဝန်

၃.၁ Proven Group of Companies ၏ ကော်ပိုရိတ်လူမှုတာဝန် (CSR)

၃.၂ ကော်ပိုရိတ် လူမှုတာဝန် လုပ်ငန်းများ

Sustainability

အခန်း(၄)

ရေရှည်တည်တံ့ခိုင်မြဲမှု

၄.၁ Proven Group of Companies၏ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ မဟာဗျူဟာ

၄.၂ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ (Environment)

၄.၂.၁ ဖန်လုံအိမ် ဓါတ်ငွေ့ (Green House Gas) ထုတ်လွှတ်မှု

၄.၂.၂ စွမ်းအင် သုံးစွဲမှု

၄.၂.၃ စွန့်ပစ် ပစ္စည်း စီမံခန့်ခွဲမှုနှင့် ဓါတု ပစ္စည်းများ ယိုဖိတ်မှု

၄.၂.၄ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင် လေထု အရည်အသွေးနှင့် စွန့်ထွက်ရေ စီမံခန့်ခွဲမှု

၄.၂.၅ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ (Environment) ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် နှင့် ရည်မှန်းချက်များနှင့် ဆောင်ရွက်ထားမှု အခြေအနေ

၄.၃ လူမှုရေးဆိုင်ရာ (Social)

၄.၃.၁ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး

၄.၃.၂ အလုပ်သမား အခွင့်အရေးများ

(က) အသင်းအဖွဲ့ ဖွဲ့စည်းခြင်း

(ခ) ကလေး အလုပ်သမား

(ဂ) အဓမ္မခိုင်းစေမှု

(ဃ) အလုပ်ချိန်၊ အချိန်ပို၊ လုပ်ခလစာ

၄.၃.၃ လူစွမ်းအား ရင်းမြစ်

၄.၃.၄ လူမှု ကာကွယ်စောင့်ရှောက်မှု (Social Protection)

၄.၃.၅ လူမှုရေး (Social) ဆိုင်ရာ ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် နှင့် ရည်မှန်းချက်များနှင့် ဆောင်ရွက်ထားမှု အခြေအနေ

၄.၄ အုပ်ချုပ်မှု (Governance)

- ၄.၄.၁ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ စီမံခန့်ခွဲမှု နှင့် ထိန်းချုပ်မှု ဆိုင်ရာ လုပ်ဆောင်မှုများ (Risk Management and Internal Control)
- ၄.၄.၂ Proven Group of Companies ကုမ္ပဏီအုပ်စု၏ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ
- ၄.၄.၃ တိုင်ကြားမှု လက်ခံ စိစစ်ဖြေရှင်းရေး ယန္တရား
- ၄.၄.၄ ဘဏ္ဍာရေး
- ၄.၄.၅ အကျိုးစီးပွားဆိုင်ရာ သက်ဆိုင်သူများနှင့် ချိတ်ဆက်မှု
- ၄.၄.၆ စီမံအုပ်ချုပ်မှု (Governance) ဆိုင်ရာ ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် နှင့် ရည်မှန်းချက်များနှင့် ဆောင်ရွက်ထားမှု အခြေအနေ

Reporting
အခန်း(၅)
ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ

ဥက္ကဋ္ဌ၏ ဥယျောဇဉ်

လေးစားအပ်ပါသော အစုရှယ်ယာရှင်ကြီးများ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ကော်မတီဝင်များ၊ ကုန်သွယ် မိတ်ဖက်လုပ်ငန်းရှင်ကြီးများနဲ့ ဝန်ထမ်းများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံ၍ ကျန်းမာချမ်းသာကြပါစေကြောင်း ပထမ ဦးစွာ မေတ္တာပို့သ နှုတ်ခွန်းဆက်အပ်ပါတယ်ခင်ဗျာ။

ကျွန်တော်တို့ရဲ့ TOYO Battery လုပ်ငန်းကြီးဟာ နှစ်ပေါင်း ၃၀ ကြာမြင့်တဲ့အချိန်မှာ တည်တည်တန့်တန့်နဲ့ မယိမ်းမယိုင် ရပ်တည်ခဲ့ပြီး ယခုဆိုရင် လုပ်ငန်းများကိုလည်း တိုးချဲ့နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဘက်ထရီ လုပ်ငန်းနဲ့ ဆက်စပ်တဲ့ လုပ်ငန်းခွဲများကိုလည်း ပြောင်းလဲနေတဲ့ ခေတ်နဲ့ တပြေးညီ Semi-Automation များကို ပြောင်းလဲ ဆန်းသစ်၍ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ယခုဆိုရင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍအပိုင်းဖြစ်တဲ့ ဆိုလာနဲ့ ဆက်စပ်ပစ္စည်းများကို ဖြန့်ဖြူးခြင်းနဲ့ တပ်ဆင်ခြင်းလုပ်ငန်းများအထိ တိုးချဲ့ ဆောင်ရွက်လာနိုင်ခဲ့ပါတယ်။ မြောင်းတကာ စက်မှုဇုံအတွင်းမှာလည်း စက်ရုံသစ်များ တည်ဆောက်နေတာ ၇၅% ခန့် ပြီးစီးနေပြီဖြစ်လို့ များမကြာမီ အချိန် အတွင်းမှာ လည်း လည်ပတ်နိုင်တော့မှာ ဖြစ်ပါတယ်။

ကောင်းမွန်တဲ့ ကော်ပိုရိတ်စီမံခန့်ခွဲမှုဖြစ်စေဖို့အတွက် စာရင်းစစ်နဲ့ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များ စီမံခန့်ခွဲမှု ကော်မတီ၊ အမည်စာရင်း တင်သွင်းရေးနှင့် အခကြေးငွေ သတ်မှတ်ရေးကော်မတီ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ် ဆောင် မှု ကော်မတီ တွေကို အများပိုင်ကုမ္ပဏီကြီးများနည်းတူ အကြံပေးပုဂ္ဂိုလ်များ၊ ဒါရိုက်တာများဖြင့် ဖွဲ့စည်းဆောင်ရွက်နေတာကြောင့် လုပ်ငန်းများ ကို မူ/နည်းလမ်းများနဲ့ ထိန်းကျောင်းလျှက်ရှိပါတယ်။

ကော်ပိုရိတ်လူမှုတာဝန်(C.S.R) များကိုလည်း မူဝါဒရေးရာ ဦးဆောင်ကော်မတီ တစ်ရပ်ဖွဲ့စည်းပြီး စနစ်တကျ ထောက်ပံ့လှူဒါန်းနိုင်ခဲ့တာလဲ Proven Group of Company ကြီးရဲ့ အများတာဝန် ကျေပွန်မှုကို အားလုံးက အသိအမှတ် ပြုခဲ့ကြပါတယ်။ ဒါကြောင့် လာမဲ့နှစ်များမှာလည်း နှစ်ပေါင်း ၃၀ ကြာ အတွေ့အကြုံတွေပေါ်မှာ မှီငြမ်းပြီး ဆက်လက် ကြိုးပမ်းသွားဖို့ အတွက်လဲ ဒါရိုက်တာအဖွဲ့ဝင်များ၊ စီမံ အုပ်ချုပ်မှု အဖွဲ့ဝင်များ၊ ဝန်ထမ်းများအားလုံးကို တိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အားဖြင့် Proven Group of Companies ကုမ္ပဏီအုပ်စုကြီးတစ်ခုလုံးနဲ့ ညီနောင်ကုမ္ပဏီများမှ ပါဝင်ဆောင်ရွက်နေ ကြသူများအားလုံးနဲ့ ကုန်သွယ်မိတ်ဖက်လုပ်ငန်းရှင်ကြီးများအနေဖြင့် ရေရှည်တိုးတက်ကြီးပွားကြ ပါစေကြောင်း ဆုမွန် ကောင်း မေတ္တာ ပို့သ အပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ် ။

လေးစားစွာဖြင့်
ထွန်းမြင့်
ဥက္ကဋ္ဌ

၂၀၂၅ -၂၀၂၆ နှစ်အတွင်း အထင်ကရ ဆောင်ရွက်နိုင်ခဲ့မှုများ

Proven Group of Companies ၊ Collective Leadership Uniting for Strategic for Success ခရီးစဉ်သွားရောက်ခြင်း

၂၀၂၅ ခုနှစ်၊ ဧပြီလ (၉)ရက်မှ (၁၃)ရက်နေ့ထိ Proven Group of Companies ၊ Collective Leadership Uniting for Strategic for Success ခရီးစဉ်အဖြစ် ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့ခြင်း။

ဆေးရုံသုံး ပစ္စည်းများ လှူဒါန်းခြင်း

၂၀၂၅ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့တွင် ရန်ကုန်တိုင်း ဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာတိုက်နယ် ဆေးရုံသို့ ကျပ်သိန်း(၆၀)ကျော် တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ခြင်း။

ကမ္ဘာ့လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပခြင်း

ကမ္ဘာ့ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနေ့ အထိမ်း အမှတ် အဖြစ် ၂၀၂၅ ခုနှစ်၊ ဧပြီလ (၂၄)ရက်နေ့တွင် Proven Group of Companies အနေဖြင့် ကမ္ဘာ့ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားအား ကျင်းပခဲ့ခြင်း။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အထိမ်းအမှတ်လှူဒါန်းခြင်း

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အထိမ်းအမှတ်အဖြစ် ၂၀၂၅ခုနှစ်၊ မေလ (၁)ရက်နေ့တွင် Proven Group of Companies နှင့် ညီနောင်ကုမ္ပဏီများဖြစ်သည့် Proven Technology Industry Co., Ltd နှင့် Proven PolyWorld Co., Ltd၊ တို့ ပူးပေါင်း၍ အလုပ်သမားဆေးရုံကြီးနှင့် ရန်ကုန်အထူးကု ဆေးရုံကြီး (ကုတင်-၅၀၀) တို့တွင် ဆေးတက်ရောက် ကုသမှုခံယူနေသူများနှင့် အလုပ်သမားများအား အာဟာရဒါန လှူဒါန်းခြင်း။

PROVEN GROUP OF COMPANIES

မော်လမြိုင် ရုံးခွဲသစ်ဖွင့်လှစ်ခြင်း

၂၀၂၅ ခုနှစ်၊ မေလ (၂၇)ရက်နေ့တွင် အောက်မြန်မာနိုင်ငံရှိ လုပ်ငန်းများ အပေါ် ကူညီထောက်ပံ့နိုင်ရန်၊ ဈေးကွက်ဆိုင်ရာ ပိုမိုချိတ်ဆက်မှု ရရှိစေရန် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ ရုံးခွဲအသစ် ဖွင့်လှစ်ခြင်း။

ရေဘေး ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်းခြင်း

၂၀၂၅ ခုနှစ်၊ မေလ (၂၉)ရက်နေ့တွင် ဒေသအတွင်း ရေကြီး ရေလျှံဖြစ်စဉ်များ အတွက် ကူညီထောက်ပံ့ရန်အသက်ကယ်လှေတစ်စီး၊ အသက်ကယ် အင်္ကျီ (၆)ထည်တို့အား ရန်ကုန်တိုင်း ဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ သံမဏိ သံရည်ကျိုစက်မှုဇုန်၊ မီးသတ်ဦးစီးဌာနသို့ ပေးအပ် လှူဒါန်းခဲ့ခြင်း။

ကမ္ဘာ့ပတ်ဝန်းကျင်နေ့ (World Environment Day) အထိမ်းအမှတ် ကျင်းပခြင်း

၂၀၂၅ ခုနှစ်၊ ဇွန်လ(၅)ရက်နေ့တွင် ကမ္ဘာ့ ပတ်ဝန်းကျင်နေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးခြင်း အခမ်းအနားအား ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမက (၈) မူလွန်ကျောင်းတွင် ကျင်းပပြုလုပ်ခဲ့ခြင်း။

ကျောင်းသုံး ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း

၂၀၂၅ ခုနှစ်၊ ဇွန်လ (၂၈)ရက်နေ့တွင် Proven Group of Companies နှင့် ညီနောင်ကုမ္ပဏီများဖြစ်သည့် Proven Distribution Co., Ltd ၊ Proven Technology Industry Co., Ltd၊ Proven PolyWorld Co., Ltd၊ Proven Intrantional Co., Ltd တို့မှ ဝန်ထမ်းများ၏ ပညာသင်ယူနေဆဲ ကျောင်းသား/သူ သား/သမီး (၂၄၉)ဦးအား ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ ပေးအပ်ခဲ့ခြင်း၊

Code of Conduct ရှင်းလင်းဆွေးနွေးခြင်း

Proven Group of Companies အနေဖြင့် ကျင့်ဝတ် သိက္ခာနှင့် ညီညွတ်သည့် စီးပွားရေး လုပ်ငန်းစုတစ်ရပ်အဖြစ် အစဉ်ရပ်တည် ဆောင်ရွက်နိုင်ရေး ဝန်ထမ်းများ လိုက်နာကျင့်သုံးရမည့် ဝန်ထမ်းကျင့်ဝတ် Code of Conduct အား Group of Companies နှင့် ညီနောင် ကုမ္ပဏီများတွင် ရှင်းလင်းဆွေးနွေးခဲ့ခြင်း။

လှူမှု အကျိုးပြု အဖွဲ့အစည်းများအား လှူဒါန်းခြင်း

Proven Group of Companies သည် ညီနောင်ကုမ္ပဏီများဖြစ်သည့် Proven Distribution Co., Ltd ၊ Proven International Co., Ltd တို့နှင့်ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်မှ လူမှု အကျိုးပြု အဖွဲ့ အစည်းများအား မိမိတို့ကုမ္ပဏီမှ ထုတ်လုပ်သည့် ဘက်ထရီနှင့် တင်သွင်း ရောင်းချသည့် အင်ဂျင်ဝိုင်များ၊ စုစုပေါင်းတန်ဖိုး (၄၂)သိန်းကျော်အား ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့တွင် လှူဒါန်းခဲ့ခြင်း။

ဖူဆယ်လ် ဘောလုံးပွဲကျင်းပခြင်း

ဝန်ထမ်းများအကြား ပိုမိုရင်းနှီးမှုရှိလာစေရန်၊ ပူးပေါင်းဆောင်ရွက်မှု အလေ့အထများ ပိုမိုပျိုးထောင်နိုင်ရန်နှင့် ယှဉ်ပြိုင်လိုသည့် စိတ်ဓါတ်အင်အား ပိုမိုထားရှိလာစေရန် ရည်ရွယ်ချက်များဖြင့် Proven Group of Companies ၏ ညီနောင် ကုမ္ပဏီတစ်ခုဖြစ်သည့် Yangon Metal Industry Co., Ltd သည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်မှ (၁၅) ရက်နေ့အထိ ဖူဆယ်လ် ဘောလုံး ပွဲကျင်းပခြင်း။

Road Safety Day အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခြင်း

Proven Group of Companies သည် ၂၀၂၅ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်မှ (၁၇) ရက်နေ့အထိ ကျင်းပခဲ့သည့် Road Safety Day အခမ်းအနားတွင် ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ခြင်း။

Authorized Economic Operator ၊ Importer (Level -2) ရရှိခြင်း

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန် ဦးစီးဌာနက ပေးအပ်သည့် အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူ (Authorized Economic Operator) Importer (Level-2)အဖြစ် အသိအမှတ်ပြုလက်မှတ်အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၁၄)ရက်နေ့တွင် ရရှိခဲ့ခြင်း၊

အပြည်ပြည်ဆိုင်ရာ ခဲ အဆိပ်သင့်မှု ကာကွယ်ရေး ရက်သတ္တပတ် အထိမ်းအမှတ် လှုပ်ရှားမှု

Proven Group of Companies အနေဖြင့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ အတွင်း အပြည်ပြည်ဆိုင်ရာ ခဲ အဆိပ်သင့်မှု ကာကွယ်ရေး ရက်သတ္တပတ် အထိမ်းအမှတ် အနေဖြင့် ခဲအန္တရာယ် ကာကွယ်ရေး ဟောပြောပွဲများ ကျင်းပခြင်း၊ ခဲဆိပ်အန္တရာယ် အသိပြုဖွယ် ခေါင်းစဉ်ဖြင့် ခဲဆိပ်အန္တရာယ် တားဆီး ကာကွယ်ရေးဆိုင်ရာ လှုပ်ရှားမှုများ လုပ်ဆောင် ခဲ့ခြင်း၊

ကထိန် သင်္ကန်း လှူဒါန်းပွဲ

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၃၁)ရက်နေ့တွင် Proven Group of Companies Ltd. နှင့် ညီနောင် ကုမ္ပဏီများဖြစ်သည့် Proven Technology Industry Co., Ltd ၊ Proven Distribution Co., Ltd ၊ Proven Polyworld Co., Ltd၊ Proven International Co., Ltd တို့၏ စုပေါင်း မဟာဘုံကထိန်ပွဲကို ရန်ကုန်တိုင်း ဒေသကြီး၊ ရွှေပြည်သာ မြို့နယ်၊ အမှတ်(၄)လမ်းမကြီး၊ (၂၄)ရပ် ကွက် ဇီးကုန်း ကျေးရွာအုပ်စု အတွင်းတည်ရှိသည့် ဇီးကုန်း ကျောင်း တိုက်၌ ကျင်းပ ခဲ့ခြင်း။

Management Retreat

၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ (၂၂)ရက်နေ့မှ (၂၃)ရက်နေ့အထိ Proven Group of Companies နှင့် ညီနောင်ကုမ္ပဏီအသီးသီးတွင် စီမံခန့်ခွဲမှု တာဝန်ထမ်း ဆောင်နေသူများ အကြား ပိုမိုသည့်ရင်းနှီးကျွမ်းဝင်မှုတစ်ရပ် တည်ဆောက် နိုင်စေရန် ၊ လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများ မျှဝေနိုင်ရန်စ သည့် ရည်မှန်း ချက်များဖြင့် "Level Up Empower. Execute. Excel @2025 Management Retreat" အား Wyndham Grand Hotel (Yangon) တွင် ကျင်းပခဲ့ခြင်း။

PROVEN
GROUP OF COMPANIES

စက်ရုံ လေ့လာရေးခရီး

Proven Group of Companies အနေဖြင့် ဘက်ထရီ ထုတ်လုပ်မှု လုပ်ငန်း အပါအဝင် Group of Companies ၏ စီးပွားရေး လုပ်ငန်းကဏ္ဍများအတွင်း လုပ်ကိုင်နေကြသည့် ညီနောင် ကုမ္ပဏီအသီးသီးမှ စီမံခန့်ခွဲမှု တာဝန်ထမ်း ဆောင်နေသူများနှင့် ကြီးကြပ်ရေးမှူးတာဝန်ထမ်းဆောင်နေသူများအကြား လုပ်ငန်းပိုင်ဆိုင်ရာ နားလည်မှု၊ ပိုမိုသည့် ရင်းနှီးကျွမ်းဝင်မှုနှင့် လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အတွေ့အကြုံများ မျှဝေနိုင်ရန်စသည့် ရည်မှန်း ချက်များဖြင့် Yagon Metal Industry ၊ Proven Technology Indstry နှင့် Proven PolyWorld စက်ရုံများသို့ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ (၉)ရက်နေ့တွင် လည်း ကောင်း၊ ၂၀၂၅ခုနှစ်၊ဒီဇင်ဘာလ (၂၀)ရက်နေ့တွင် လည်းကောင်း စက်ရုံ လေ့လာရေးခရီးစဉ်များ အသီးသီး ဆောင်ရွက်ခဲ့ခြင်း၊

ပန္နက်တင် အခမ်းအနား ကျင်းပပြုလုပ်ခြင်း

၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလ (၇)ရက်နေ့တွင် Proven Group of Companies ၏ ညီနောင် ကုမ္ပဏီ ဖြစ်သည့် Proven Technology Industry Co., Ltd ၏ မြောင်းတကာ စက်မှုဇုန်တွင် တည်ဆောက်နေသည့် စက်ရုံအမှတ် (၃) စီမံကိန်း Phase (II) နှင့် Phase (III)ဆိုင်ရာ တည်ဆောက်ရေး လုပ်ငန်းများ အတွက် စုပေါင်း ပန္နက်တင် အခမ်းအနား ကျင်းပပြုလုပ်ခြင်း။

စုပေါင်းသွေး လှူဒါန်းပွဲ ကျင်းပပြုလုပ်ခြင်း

၂၀၂၆ခုနှစ်၊ မတ်လ (၁၄)ရက်နေ့တွင် Proven Group of Companies နှင့် ညီနောင် ကုမ္ပဏီများ ဖြစ်သည့် Proven Distribution Co., Ltd ၊ Proven Technology Industry Co., Ltd ၊ Proven Poly-World Co., Ltd၊ Proven International Co., Ltd နှင့် Yangon Metal Industry Co., Ltd တို့ စုပေါင်း၍ အမျိုးသားသွေးလှူဘဏ်၌ စုပေါင်းသွေး လှူဒါန်းပွဲ ကျင်းပပြုလုပ်ခဲ့ခြင်း။

နှစ် (၃၀) ပြည့် အခမ်းအနားနှင့် Team Celebration Gala @2026

Proven Group of Companies အဖြစ် တည်ရှိလာစေမည့် ဘက်ထရီ ထုတ်လုပ်မှုလုပ်ငန်းအား စတင်ခဲ့သည့် Proven Technology Indstry Ltd နှစ် (၃၀)ပြည့်မြောက်ခြင်း နှင့် နှစ်စဉ်ကျင်းပသည့် Team Celebration Gala @2026 အား ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁၀)ရက်နေ့တွင် ကျင်းပခဲ့ခြင်း၊

အခန်း (၁)

The Corporate Profile

PROVEN GROUP OF COMPANIES

၁.၁ သမိုင်းအကျဉ်းချုပ်

Proven Group of Companies သည် မော်တော်ကားနှင့် ဆိုင်ကယ်သုံး၊ လုပ်ငန်းသုံး၊ အထူးသုံးနေရာများအတွက် TOYO နှင့် LION အမှတ်တံဆိပ် ခဲအက်ဆစ်ဘက်ထရီများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဘက်ထရီ လုပ်ငန်းသုံးခဲများ ပြန်လည်သန့်စင် ထုတ်လုပ်ခြင်းလုပ်ငန်း၊ Plastic Injectionနှင့် Blow Moulding လုပ်ငန်း၊ စက်ဆီ၊ ချောဆီတင်သွင်း ဖြန့်ချီခြင်း လုပ်ငန်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်(Renewal Energy) ဆိုင်ရာ Solar Pannel များ၊ Solar Inverter များ တင်သွင်း ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း၊မြေယာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ စက်ပစ္စည်းများ ပြုပြင်ခြင်း နှင့် တပ်ဆင်ခြင်းဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် နှင့် ယင်းတို့၏ဆက်စပ်သည့် ပစ္စည်းများတင်သွင်း ဖြန့်ဖြူးခြင်း၊ တဆင့် ပြန်လည်ရောင်းချခြင်း လုပ်ငန်းများကို လုပ်ကိုင်နေသည့် ကုမ္ပဏီအစုအဖွဲ့တစ်ခု ဖြစ်ပါသည်။

၁၉၉၆ ခုနှစ်တွင် ဘက်ထရီ ထုတ်လုပ်ခြင်းဖြင့် လုပ်ငန်းစတင်ခဲ့သည့် PROVEN သည် ၂၀၂၆ ခုနှစ်တွင် အနှစ် (၃၀) ပြည့် ပုလဲရတုကို ဂုဏ်ယူစွာ တိုင်ခဲ့ပြီးဖြစ်ပါသည်။ နှစ် (၃၀)ကာလအတွင်း PROVEN အနေအဖြင့် ဘက်ထရီထုတ်လုပ်ခြင်း လုပ်ငန်း နှင့် ဆက်စပ်လုပ်ငန်းများ၊ ဖြန့်ဖြူးရေး လုပ်ငန်းများမှသည် ခဲပြန်လည်သန့်စင် ထုတ်လုပ်ခြင်းလုပ်ငန်း၊ Plastic Injection နှင့် Blow Moulding လုပ်ငန်း၊ စက်ဆီ၊ ချောဆီ တင်သွင်း ဖြန့်ချီခြင်း လုပ်ငန်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်(Renewal Energy) ဆိုင်ရာ ပစ္စည်းများတင်သွင်း ဖြန့်ဖြူးရောင်းချခြင်း၊ မြေယာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ၊ အင်ဂျင်နီယာလုပ်ငန်းများ၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် နှင့် ဆက်စပ်ပစ္စည်းများ တင်သွင်း ဖြန့်ဖြူးခြင်း ၊တဆင့် ပြန်လည်ရောင်းချခြင်းအစရှိသည့် အခြားလုပ်ငန်းကဏ္ဍများအထိပါ ဆက်လက်တိုးချဲ့ လုပ်ကိုင်နိုင်ခဲ့ ပြီဖြစ်ပါသည်။

Proven Group of Companies သည် နိုင်ငံတကာ အရည်အသွေးမီ ထုတ်ကုန်အဆင့်အတန်းနှင့် ဆောင်ရွက်ပုံများ ၊ အရည်အသွေး ဆိုင်ရာ စီမံခန့်ခွဲမှုစနစ် ISO:90001၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေး စီမံခန့်ခွဲစနစ် ISO:45001 ၊ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေး ISO:14001 နှင့် နိုင်ငံတကာ မော်တော်ယာဉ် လုပ်ငန်းအဖွဲ့ (IATF) ဆိုင်ရာ သတ်မှတ်ချက်များ အတိုင်း လိုက်နာလုပ်ဆောင်နေပြီး ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် IATF Certified Battery Manufacturer တစ်ဦး ဖြစ်လာခဲ့ပါသည်။

PROVEN GROUP OF COMPANIES

Myanmar Centre for Responsible Business

Yever smarter together

Certified B Corporation



2024 Results (Top 30 Companies)

2024 Rank	2022 Rank	Company Name	Type	Corporate Profile	Corporate Governance	Sustainability Management	Reporting	SCORE
1	2	First Myanmar Investment	L	100%	88%	92%	41%	78%
1	2	uab bank	PR	90%	85%	64%	79%	78%
3	6	Maha Agriculture Microfinance	PR	87%	142%	58%	63%	72%
4	11	TMH Telecom Public	L	100%	63%	49%	74%	68%
5	9	Myanma Awba Group	PR	96%	74%	56%	64%	67%
6	4	Max Myanmar Group of Companies	PR	52%	137%	81%	27%	66%
7	1	City Mart Holding Limited (CMHL)	PR	83%	63%	67%	49%	64%
8	14	Ayeyarwady Bank Public (AYA Bank)	PR	59%	60%	56%	70%	63%
9	13	Proven Group of Companies	PR	96%	126%	38%	51%	59%
10	7	Yoma Bank Limited	PR	83%	67%	39%	64%	58%
11	12	KMD	PR	57%	111%	54%	42%	57%
12	10	Myanmar Agro Exchange (MAEX)	L	69%	60%	52%	51%	56%
13	15	Myanmar Thilawa SEZ Holdings Public (MTSH)	L	62%	50%	49%	46%	51%
14	21	Mya Ayer Group of Companies	PR	100%	37%	43%	43%	50%
15	7	Kanbawza Bank Limited	PR	59%	48%	41%	39%	44%

Proven Group of Companies သည် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI)၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA) တို့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သည့်အပြင် ကမ္ဘာလုံးဆိုင်ရာ ဓာတုလုပ်ငန်းများ အနေဖြင့် မိမိဆန္ဒအလျောက် သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံမှု (EHS&S) ဆိုင်ရာ စွမ်းဆောင်ရည်များကို စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ချက်များ လုပ်ဆောင်ကြသည့် Responsible Care အဖွဲ့ဝင်လည်း ဖြစ်ပါသည်။

ထို့အပြင် Myanmar Sustainability Buinsess Network ၊ Business Integrity ဆိုင်ရာ Yever အဖွဲ့၏ ဆောင်ရွက်ချက်များတွင် ပါဝင် ဆောင်ရွက်ပေးလျက် ရှိသကဲ့သို့ မြန်မာနိုင်ငံရှိ ကုမ္ပဏီများ၏ ကော်ပိုရိတ် ထုတ်ဖော် ကြေညာမှု (Corporate Disclosure) နှင့် ပွင့်လင်းမြင်သာမှု (Transparency) တိုးမြှင့်ရန် ရည်ရွယ်သည့် "ပွင့်သစ်စ အစီရင်ခံစာ" တွင် ၂၀၁၉ခုနှစ်မှ စတင် ဝင်ရောက် အကဲဖြတ်ခံယူခဲ့ပြီး ၂၀၂၄ ခုနှစ်၊ အဌမအကြိမ်မြောက် အစီရင်ခံစာတွင် အကဲဖြတ်ခံ ကုမ္ပဏီ (၂၅၀) ကျော်၌ အဆင့် (၉) ရရှိခဲ့ပါသည်။

၁.၁.၁ ဖွဲ့စည်းပုံ

စွမ်းအင် သိုလှောင်မှုကဏ္ဍတွင် ဦးဆောင်သူအဖြစ်ဆက်လက် ရယူထားနိုင်စေရေး၊ ပေါ်ထွန်းလာနေသည့် ဈေးကွက်အသစ်များကို ထိထိရောက်ရောက်ရယူထားနိုင်စေရေး။ စဉ်ဆက်မပြတ် ပြောင်းလဲနေသည့် အခြေအနေများ၊ စိန်ခေါ်မှုများအား မှန်ကန်ထိရောက်စွာ တုံ့ပြန် ဖြေရှင်းနိုင်စေရေး၊ အရှည်တည်တံ့ ဖွံ့ဖြိုးမှုနှင့် ဟန်ချက်ညီစေရေးတို့အတွက် Proven Group of Companies အား အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည် -

၁.၁.၂ Business Model

Proven Group of Companies သည် အသုံးပြုပြီးသည့် ခဲများအား ပြန်လည်သန့်စင်ခြင်း၊ ခဲ-အက်စစ် ဘက်ထရီ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ Plastic Injection နှင့် Blow Moulding လုပ်ငန်း၊ စက်ဆီ၊ ချောဆီ နှင့် မော်တော်ယာဉ် အပိုပစ္စည်းများ တင်သွင်းဖြန့်ချီခြင်း လုပ်ငန်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် (Renewal Energy) ဆိုင်ရာ Solar Pannel များ၊ Solar Inverter များ တင်သွင်းဖြန့်ဖြူး ရောင်းချခြင်းနှင့် မြေယာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို လုပ်ဆောင်နေသည့် ကုမ္ပဏီအဖွဲ့စု တစ်ရပ်ဖြစ်၍ ကုမ္ပဏီအဖွဲ့စု၏ Business Model အနေဖြင့် အောက်ပါအတိုင်း တည်ရှိနေပါသည် -



၁.၁.၃ မျှော်မှန်းချက်၊ ရည်ရွယ်ချက်၊ ခံယူထား သည့်တန်ဖိုး သတ်မှတ်ချက်များ နှင့် ကတိကဝတ်

Proven Group of Companies၏ မျှော်မှန်းချက်၊ ရည်ရွယ်ချက်၊ ခံယူထားသည့်တန်ဖိုး သတ်မှတ်ချက်များ နှင့် ကတိကဝတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မျှော်မှန်းချက် (Our Vision)

ဆန်းသစ်တီထွင်မှုအား အခြေခံ၍ အစဉ်တိုးတက်သော လူနေမှုဘဝများ ဖန်တီးပေးနိုင်ရန် ယှဉ်ပြိုင်မှု စွမ်းရည်မြင့်မားသော စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်သည့် ဦးဆောင်လုပ်ငန်းစု တစ်ခုဖြစ်လာရန်။

To be a leading diversified industrial group, creating sustainable value by building industries, advancing innovation, and improving lives

ရည်ရွယ်ချက် (Our Mission)

မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုနှင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုတို့မှ တစ်ဆင့် ရေရှည်တန်ဖိုးများ ဖန်တီးပေးနိုင်သည့် ရေရှည်တည်တံ့သော စီးပွားရေးလုပ်ငန်းများကို တည်ဆောက်ဖော်ဆောင်ရန်။

To build sustainable businesses that create long-term value through innovation, operational excellence, strategic partnerships, and responsible investments.

ခံယူထားသည့် တန်ဖိုးသတ်မှတ်ချက်များ (Our Values)

P	Professional	အရည်အသွေး ပြည့်ဝစွာဖြင့်ဆောင်ရွက်ပြီး တာဝန်ယူမှု တာဝန်ခံမှု အပြည့်အဝရှိသည့် လုပ်ငန်းစု တစ်ရပ် အဖြစ်ရပ်တည်ရန်၊
R	Reliability	အများပြည်သူ၏ ယုံကြည်စိတ်ချမှုကိုခံယူနိုင်သည့် လုပ်ငန်းစုတစ်ရပ် ဖြစ်ပေါ်လာစေရန်၊
O	Open Minded	အကြံဉာဏ်သစ်များနှင့် ဆန်းသစ်တီထွင်မှုများကို အစဉ်အမြဲ ဖော်ဆောင်ရန်၊
V	Value Creation	အရောင်းကိုယ်စားလှယ်ကြီးများ၊ လုပ်ဖော်ကိုင်ဖက် ညီအကိုမောင်နှမများ၊အစုရှယ်ယာရှင်များနှင့် ပူးပေါင်းပြီး လုပ်ငန်းအသီးသီးမှတဆင့် တစ်ဦးကိုတစ်ဦး အကျိုးပြုသည့် ရလာဒ်ကောင်းများကို ဖော်ဆောင်ရန်၊
E	Embrace Change	ကောင်းမွန်သော ပြောင်းလဲမှုများကို အစဉ်အမြဲ ပံ့ပိုးပြီး ခွန်အားများပေးရန်၊
N	Novelty and Innovation	တီထွင်ကြံဆမှုမှတဆင့် လူမှုအသိုင်းအဝိုင်းကို အကျိုးပြုသည့် ဆောင်ရွက်ချက်များကို ဆောင်ရွက်ရန်။

ဆောင်ပုဒ် (Slogan)

"ပိုမိုကောင်းမွန်သော အနာဂတ်ကို အတူတကွ တည်ဆောက်ကြစို့!"
"Building a Better Future Together!"

ကတိကဝတ် (Our Commitment)

Proven Group of Companies သည် လေးစား တန်ဖိုးထားရသော သုံးစွဲသူများအတွက် အရည်အသွေးမြင့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများပေးရန် အစဉ် အလေးထားပါသည်။

Proven Group of Companies ၏ ကုန်ပစ္စည်းအရည်အသွေး အပေါ်အာမခံအပြည့်ပေးခြင်းနှင့် မြန်မာနိုင်ငံ၏တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၊ အဓိက မြို့ကြီးများတွင်လည်း ဘက်ထရီဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၁.၁.၄ နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်များ နှင့် ဆုတံဆိပ်များ

Proven Group of Companies ၏ သက်ဆိုင်ရာ စက်ရုံများ၊ ကုမ္ပဏီများသည် အရည်အသွေးပိုင်းဆိုင်ရာ ISO 9001:2015 ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ISO 14001:2015 နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ISO 45001:2018 လက်မှတ်များ ရယူထားပြီး နှစ်စဉ် သတ်မှတ်ချက်များနှင့် အညီ လုပ်ဆောင်နေမှုများအပေါ် external auditor များ ၏ စစ်ဆေးမှုခံယူကာ ဆောင်ရွက်ထားပါသည်။

ထို့အပြင် ၂၀၂၄ခုနှစ်၊ ဧပြီလတွင် နိုင်ငံတကာ မော်တော်ယာဉ် လုပ်ငန်းအဖွဲ့ (IATF) Certified Battery Manufacturing Company ဖြစ်လာခဲ့ပါသည်။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် ၂၀၁၆ ခုနှစ်တွင် အာဆီယံ ဒေသအတွင်း ဆုဖြစ်သည့် ASEAN-OSHNET BEST PRACTICES AWARD ကို Proven Group of Companies ၏ ညီနောင် ကုမ္ပဏီတစ်ခုဖြစ်သည့် Toyo နှင့် Lion အမှတ်တံဆိပ် ဘက်ထရီ ထုတ်လုပ်သည့် PROVEN TECHNOLOGY INDUSTRY ကုမ္ပဏီက ရရှိထားခဲ့ပါသည်။

PROVEN TECHNOLOGY INDUSTRY CO., LTD.
ISO 14001:2015

ISO 14001: 2015 EMS Certificate

PROVEN TECHNOLOGY INDUSTRY CO., LTD.
ISO 45001:2018

ISO 45001:2018 OSH Certificate


Yangon Metal Industry Co., Ltd.
ISO 9001:2015

ISO 9001: 2015 QMS Certificate

ASEAN-OSHNET Best Practices Award 2016

၁.၂ လုပ်ငန်း အဝန်းအဝိုင်း

Proven Group of Companies လုပ်ငန်းအဝန်းအဝိုင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

၁.၂.၁ PROVEN GROUP OF COMPANIES CO., LTD

PROVEN GROUP OF COMPANIES CO., LTD သည် ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။ Group CEO အဖြစ် ဦးသန်းထိုက်လွင်က တာဝန်ယူပြီး Group of Companies အဖွဲ့စုကြီးနှင့် ညီနောင် ကုမ္ပဏီများအကြားတွင် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးလျှက်ရှိပါသည်။ Proven Group of Companies ဆိုင်ရာ အချက်အလက်များအား www.proven.com.mm ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

၁.၂.၂ PROVEN DISTRIBUTION CO., LTD

PROVEN DISTRIBUTION CO., LTD သည် ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းထိုက်လွင်က ဦးဆောင် စီမံခန့်ခွဲပြီး PROVEN TECHNOLOGY INDUSTRY က ထုတ်လုပ်သည့် TOYO နှင့် LION အမှတ်တံဆိပ် ဘက်ထရီများ၊ Jinko အမှတ်တံဆိပ် Solar Pannel နှင့်ဆက်စပ်ပစ္စည်းများ၊ Huawei အမှတ်တံဆိပ် Inverter ကို တရားဝင်ကိုယ်စားလှယ် ရယူ၍ မြန်မာတစ်နိုင်ငံလုံးသို့ တင်သွင်း ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်း နှင့် စက်ရုံသုံး Solar ၊ Solar Inverter နှင့် Energy Storage System (ESS) များတပ်ဆင်ခြင်း လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက် ရှိပါသည်။

PROVEN DISTRIBUTION CO., LTD ဆိုင်ရာ အချက်အလက်များအား Proven Distribution Co., Ltd. | Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

၁.၂.၃ PROVEN TECHNOLOGY INDUSTRY CO., LTD

PROVEN TECHNOLOGY INDUSTRY CO., LTD သည်ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းထိုက်လွင်က ဦးဆောင်စီမံခန့်ခွဲပြီး TOYOနှင့် LION အမှတ်တံဆိပ် ဘက်ထရီများ ထုတ်လုပ်ခြင်းကို လုပ်ကိုင် ဆောင်ရွက်လျက် ရှိပါသည်။

PROVEN TECHNOLOGY INDUSTRY CO., LTD ဆိုင်ရာ အချက်အလက်များအား Proven Technology Industry | Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

၁.၂.၄ PROVEN POLYWORLD CO., LTD

PROVEN POLYWORLD CO., LTD သည် ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ တွင် တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးအေးကိုက ဦးဆောင် စီမံခန့်ခွဲပြီး ဘက်ထရီ အိုးများနှင့် ပလတ်စတစ် ပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။

PROVEN POLYWORLD CO., LTD ဆိုင်ရာ အချက်အလက်များအား Proven Polyworld | Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

၁.၂.၅ PROVEN INTERNATIONAL CO., LTD

PROVEN INTERNATIONAL CO., LTD သည် မင်္ဂလာဒုံ မြို့နယ်၊ ရန်ကုန်မြို့တွင်တည်ရှိပါသည်။ အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းထိုက်လွင်နှင့် Sales and Marketing Director ဦးမျိုးမင်းထွန်းတို့က ဦးဆောင် စီမံခန့်ခွဲပြီး STATE နှင့် AISIN အမှတ်တံဆိပ် အင်ဂျင်ဝိုင်၊ ဆိုင်ကယ်သုံး ADVICS အမှတ်တံဆိပ် Brake Parts အစရှိသည့် မော်တော်ယာဉ်သုံး ပစ္စည်းများနှင့် ယန္တရားများ၊ စိုက်ပျိုးရေး ယန္တရားများတွင် အသုံးပြုသည့် Belt ကြိုးများ၊ မော်တော် ဆိုင်ကယ်သုံး အပိုပစ္စည်းများ၊ 3M အမှတ်တံဆိပ် Auto Care ပစ္စည်းများ အစရှိသည့် ကုန်အမှတ်တံဆိပ်များအား တင်သွင်း ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။

PROVEN INTERNATIONAL CO., LTD ဆိုင်ရာ အချက်အလက်များအား Proven International | Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

၁.၂.၆ YANGON METAL INDUSTRY CO., LTD

YANGON METAL INDUSTRY CO., LTD သည် မြောင်းတကာ စက်မှုဇုံ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးတင့်မျိုးနိုင်က ဦးဆောင် စီမံခန့်ခွဲပြီး ဘက်ထရီလုပ်ငန်းသုံး ခဲ ပြန်လည်သန့်စင်ထုတ်လုပ်သည့် လုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာ ဈေးကွက်သို့ ဖြန့်ချီလျှက်ရှိပါသည်။

YANGON METAL INDUSTRY CO., LTD ဆိုင်ရာ အချက်အလက်များအား Yangon Metal Industry | Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

၁.၂.၇ PROVEN AUTO CO., LTD

PROVEN AUTO CO., LTD သည် ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းထိုက်လွင် က ဦးဆောင် စီမံခန့်ခွဲပြီး မော်တော်ယာဉ်နှင့် ဆက်စပ်သည့် တင်သွင်းဖြန့်ဖြူးခြင်း၊တဆင့် ပြန်လည် ရောင်းချခြင်း (Distribution) များ ဆောင်ရွက်ရန် ဖွဲ့စည်းထားပါသည်။

PROVEN AUTO CO., LTD ဆိုင်ရာ အချက်အလက်များအား Proven Auto Co., Ltd. | Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

၁.၂.၈ PROVEN ENERGY CO., LTD

PROVEN ENERGY CO., LTD သည် ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းထိုက်လွင်က ဦးဆောင် စီမံခန့်ခွဲပြီး ၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်(Renewal Energy) ဆိုင်ရာ Solar Pannel များ၊ Solar Inverter များ တင်သွင်း ဖြန့်ဖြူးရောင်းချခြင်းများ ဆောင်ရွက်ရန် ဖွဲ့စည်းထားပါသည်။

PROVEN ENERGY CO., LTD ဆိုင်ရာ အချက်အလက်များအား PROVEN ENERGY CO., LTD | Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

၁.၂.၉ PROVEN PROPERTIES CO., LTD

PROVEN PROPERTIES CO., LTD သည် ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းထိုက်လွင်က ဦးဆောင် စီမံခန့်ခွဲပြီး မြေယာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ဆောင်ရွက်ရန် ဖွဲ့စည်းထားပါသည်။

PROVEN PROPERTIES CO., LTD ဆိုင်ရာ အချက်အလက်များအား PROVEN PROPERTIES CO., LTD | Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

၁.၂.၁၀ PROVEN ENGINEERING CO., LTD

PROVEN ENGINEERING CO., LTD သည် ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းထိုက်လွင်က ဦးဆောင် စီမံခန့်ခွဲပြီး စက်ပစ္စည်းများ ပြုပြင်ခြင်းနှင့်တပ်ဆင်ခြင်းဆိုင်ရာ အင်ဂျင်နီယာ လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် ဖွဲ့စည်းထားပါသည်။

PROVEN ENGINEERING CO., LTD ဆိုင်ရာ အချက်အလက်များအား PROVEN ENGINEERING CO., LTD | Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

၁.၂.၁၁ PROVEN AUTOPARTS & CARE CO., LTD

PROVEN AUTOPARTS CO., LTD သည် ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းထိုက်လွင်က ဦးဆောင်စီမံခန့်ခွဲပြီး မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယင်းတို့၏ဆက်စပ်သည့်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးခြင်း၊ တဆင့်ပြန်လည် ရောင်းချခြင်းဆိုင်ရာ လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် ဖွဲ့စည်းထားပါသည်။

PROVEN AUTOPARTS CO., LTD ဆိုင်ရာ အချက်အလက်များအား PROVEN AUTOPARTS CO., LTD | Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

၁.၃ ဝင်ငွေ ရရှိမှု

၁.၃.၁ ဝင်ငွေ

၂၀၂၅ ဧပြီလ မှ ၂၀၂၆ မတ်လအတွင်း Proven Group of Companies ၏ ဝင်ငွေ ရရှိမှုကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-



Revenue Resource (Manufacturing)



Revenue Structure

၁.၃.၂ Company's Capital and Debt Structure

ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ စုစုပေါင်း ရပိုင်ခွင့် အနေအထားအပေါ် သုံးသပ်လျှက် ထပ်မံရင်းနှီးမြှုပ်နှံမည့် စီမံကိန်း ချေးငွေများကို ချိန်ဆ ဆောင်ရွက်လျှက်ရှိပါသည်။ ရင်းနှီးငွေနှင့် ချေးငွေ အချိုးဟန်ချက်ညီ ရှိနေစေရန် ဘဏ္ဍာရေး ဆန်းစစ်မှု (Financial Analysis) များ ပြုလုပ်ပြီးနောက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှု ကော်မတီ (Business Development Committee) ၏ ထောက်ခံချက်ဖြင့် ဒါရိုက်တာအဖွဲ့က အသေးစိတ် ဆွေးနွေးမှုဖြင့် ဆောင်ရွက်လျှက်ရှိပါသည်။

၁.၄ ပိုင်ဆိုင်မှု

၂၀၂၅ ဧပြီလ မှ ၂၀၂၆ မတ်လ အတွင်း Proven Group of Companies ၏ အဓိကအစုရှယ်ရာများ ပိုင်ဆိုင်မှုကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

စဉ်	ရှယ်ယာ ၅ ရာခိုင်နှုန်းအထက် ပိုင်ဆိုင်သူ	ရာထူး
၁	ဦးဇော်မျိုးမြင့်	အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ
၂	ဦးသန်းထိုက်လွင်	အမှုဆောင် အရာရှိချုပ်
၃	ဦးအောင်အောင်	အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ
၄	ဦးမြင့်ဇော်	အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ
၅	ဦးတင့်မျိုးနိုင်	အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ
၆	ဒေါ်မြမြသန်း	အမှုဆောင် ဒါရိုက်တာ

စဉ်	ပိုင်ဆိုင်မှု	ဦးရေ
၁	၅ရာခိုင်နှုန်းနှင့် အထက်	၆
၂	၅ရာခိုင်နှုန်းနှင့် အောက်	၁၈
	စုစုပေါင်း	၂၄



၁.၅ အနာဂတ် အစီအစဉ်များ

Proven Group of Companies အနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး အောက်ပါရည်မှန်းချက်များ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) ကာလတို

ဈေးကွက်ဆိုင်ရာ
ဘက်ထရီထုတ်လုပ်မှု နှင့် ခဲပြန်လည်သန့်စင်မှု

(၁) လက်ရှိ ခဲ အက်ဆစ်ဘက်ထရီ ထုတ်လုပ်မှုကို အခြေခံ၍ လိုအပ်သည့် ပြင်ဆင်မှုများ ဆောင်ရွက်သွားမည်။

(၂) ခဲ အက်ဆစ်ဘက်ထရီ ထုတ်လုပ်မှု လတ်တလော ဈေးကွက်လိုအပ်ချက်အရ ၁၅% တိုးမြှင့်နိုင်အောင်ဆောင်ရွက်သွားမည်။

(၃) သန့်စင်ပြီး ခဲသတ္တုများကို နိုင်ငံတကာ ဈေးကွက်သို့ ယခင်နှစ်များကဲ့သို့ ထိန်းညှိ ပို့ဆောင်သွားမည်။

စွမ်းအင် (Solar Panel နှင့် Inverter ရောင်းဝယ်မှု)

(၁) ပြည်တွင်းဈေးကွက်တွင် Solar Panel ရောင်းချမှုကို ယခင်နှစ်ထက် ၃၅% တိုးမြှင့်နိုင်အောင် ဆောင်ရွက်သွားမည်။

မော်တော်ယာဉ်အပိုပစ္စည်းများ နှင့် မြေယာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု

(၁) မော်တော်ယာဉ်အပိုပစ္စည်းများ ရောင်းဝယ်မှုတွင် ဈေးကွက်လိုအပ်ချက်အတွက် သွင်းကုန် လိုင်စင် ရရှိမှု အပေါ်မူတည်၍ ဝင်ရောက် ဖြန့်ချီ ဖြည့်တင်းပေးနိုင်ရန် ဆောင်ရွက်သွားမည်။

(၂) မြေယာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအား ၁၅% တိုးမြှင့်သွားမည်။

လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကျွမ်းကျင်မှုမြှင့်တင်ခြင်း

(၁) Learning and Development Center က သင်တန်းများ ပုံမှန်ပို့ချနိုင်ရန် ဆောင်ရွက် ပေးသွားမည်။

(၂) လုပ်ငန်းစု အသီးသီးမှ manufacturing အဖွဲ့ဝင်များပါသော လေ့ကျင့်သင်ကြားမှုနှင့် ဆွေးနွေးပွဲများကို နှစ်စဉ်ကျင်းပသွားမည်။

လုပ်သားစွမ်းဆောင်ရည်

(၁) လုပ်ငန်းခွင် ဘေးကင်းရေး၊ ကျန်းမာရေး နှင့် ပတ်ဝန်းကျင်(HSE) ထိန်းသိမ်းရေး လုပ်ထုံးလုပ်နည်းများအား လိုက်နာမှု ပိုမိုတိုးမြှင့်လာရန်။

(၂) ဝန်ထမ်းများ၏ စွမ်းဆောင်ရည်အပေါ် အခြေခံသော စနစ်သို့ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(၃) ကူးစက်ရောဂါများ၊ သဘာဝနှင့် လူကြောင့်ဖြစ်ပေါ်သည့် အန္တရာယ်များကျရောက်ခြင်းကြောင့် ဝန်ထမ်းများအပေါ်သက်ရောက်မှု အနည်းဆုံးဖြစ်စေရေး လိုအပ်သည့် ပြင်ဆင်မှုများ၊ သင်ကြားမှုများနှင့် စိစစ်မှုများကို ဆက်လက်လုပ်ဆောင်သွားမည်။

(၄) လက်ရှိနှင့် အနာဂတ်အခြေအနေများကို အခြေပြုလျက် မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ အသစ်ထုတ်ဖော် ချမှတ်သွားမည်။

(ခ) ကာလရှည်

စျေးကွက်ဆိုင်ရာ

ဘက်ထရီထုတ်လုပ်မှု နှင့် ခဲပြန်လည်သန့်စင်မှု

(၁) Green Battery Initiative များအား ဘက်ထရီထုတ်လုပ်မှုတွင် စတင်ကျင့်သုံးနိုင်ရေး လေ့လာ ဆန်းစစ်မှုများ ချမှတ်ဆောင်ရွက်သွားမည်။

(၂) ခဲပြန်လည်သန့်စင်ခြင်း လုပ်ငန်းစဉ်များအားလည်း လုပ်ငန်းခွင် ဘေးကင်းရေး၊ ကျန်းမာရေး နှင့် ပတ်ဝန်းကျင်(HSE) ထိန်းသိမ်းရေးဆိုင်ရာ ပိုမိုကောင်းမွန်သည့် စံချိန်စံနှုန်းများအား တိုးမြှင့်လိုက်နာနိုင်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်သွားမည်။

(၃) Proven Group of Companies ၏ ထုတ်ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ ရောင်းချနိုင်ရန် စျေးကွက်ချဲ့ထွင်ခြင်းနှင့်အတူ ပြည်ပနိုင်ငံမှတင်သွင်းသည့် ကုန်ချော၊ ကုန်ကြမ်း ပစ္စည်းများ အဆက်မပြတ် ရရှိနေစေရေး ERP System အသုံးပြုပြီး အထူးဂရုပြု ဆောင်ရွက်သွားမည်။

စွမ်းအင် (Solar Panel နှင့် Inverter ရောင်းဝယ်မှု)

(၁) မြန်မာပြည် အဝှမ်းရှိ ရုံးခွဲအသီးသီးမှတဆင့် စွမ်းအင်လိုအပ်သည့် ဒေသများသို့ ဝန်ဆောင်မှု အပြည့်ဖြင့် ပေးပို့ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်။

(၂) အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် စွမ်းအင် စျေးကွက်အတွက် အသင့်ဖြစ်နေစေရေး လိုအပ်သည့် နည်းပညာ၊ လူ့စွမ်းအားများ ဖြည့်တင်းမှုများအား စီမံကိန်းချမှတ် ဆောင်ရွက်သွားမည်။

မြေယာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု

(၁) မြေယာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့နိုင်စေရေး Residential and Commercial Projects များ စတင်ခြင်းမှတဆင့် လုပ်ဆောင်သွားမည်။

လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ခေါင်းဆောင်မှုနှင့် ဖွံ့ဖြိုးရေး

(၁) Management Level ဝန်ထမ်းများအား Leadership Training များ ပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်။

(၂) ညီနောင်ကုမ္ပဏီများအားလုံးတွင် အရည်အသွေးညီမျှသော အုပ်ချုပ်မှုစနစ်နှင့်အရည်အသွေး ပြည့်ဝလာစေရန် ၊ အနာဂတ်ခေါင်းဆောင်များဖြစ်ပေါ်လာစေရန် Learning and Development Center ကို ဖွဲ့စည်းတည်ဆောက်ပြီး သင်ရိုးနှင့်သတ်မှတ် သင်ကြားမှုအတိုင်း သင်တန်းများ ဖွင့်လှစ်ပေးသွားမည်။

(၃) ကျား/မ တန်းတူ ညီမျှမှုနှင့် Diversity Policy များ အားကောင်းစေရန် ဆောင်ရွက်သွားမည်။

အဖွဲ့အစည်းယဉ်ကျေးမှု

(၁) ဝန်ထမ်းများ၏ သစ္စာစောင့်သိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ဆောင်ရွက်သွားမည်။

(၂) CSR (Corporate Social Responsibility) လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားမည်။

(၃) ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ်အခြေပြုသည့် စီမံခန့်ခွဲမှုစနစ် ဖြစ်ထွန်းစေရေး ရှေးရှု၍ Performance Appraisal အား Software System စနစ်သုံး ပြောင်းလဲ ကျင့်သုံးမှုမှတဆင့် Key Performance Indicators ဖော်ထုတ်သတ်မှတ်သွားမည်။

(၄) ကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာအသစ်များရှာဖွေအသုံးပြုခြင်း၊ ခေတ်မီပြီး ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်းနှင့် ထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် စွမ်းအင်သုံးစွဲမှု သက်သာစေမည့် စက်ပစ္စည်းအသစ်များ ဝယ်ယူဖြည့်ဆည်းခြင်းများ ဆောင်ရွက်သွားမည်။

(၅) Corporate စီမံခန့်ခွဲမှုစနစ် အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေး Corporate Culture တည်ထောင်ရေးအား အဆင့်လိုက် ဆောင်ရွက်သွားမည်။

(၆) Proven Group of Companies ၏ စီးပွားရေး လုပ်ငန်းဆောင်ရွက်ချက်များအား သဘာဝ ပတ်ဝန်းကျင်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ ၊ နည်းဥပဒေ ၊ အမိန့် ၊ ညွှန်ကြားချက်များနှင့် ကိုက်ညီအောင် ဖော်ဆောင်သွားမည်။

၁.၆ စိန်ခေါ်မှုများအပေါ် တုန့်ပြန်ဆောင်ရွက်ခြင်း

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ငွေကြေးဆိုင်ရာ၊ ဈေးကွက်အပြောင်းအလဲ၊ ကုန်ကြမ်းရရှိရေးနှင့် တင်သွင်းနိုင်မှု အခက်အခဲများ၊ ကုန်စည်တင်ပို့မှုဆိုင်ရာ အကျပ်အတည်းများ အပါအဝင် စီးပွားရေးနှင့် စက်မှုလုပ်ငန်းကဏ္ဍအသီးသီးတွင် များပြားလှသော စိန်ခေါ်မှုများကို ကုမ္ပဏီအဖွဲ့စုအနေဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။

သို့သော် ဘုတ်အဖွဲ့၏မဟာဗျူဟာပြည့်ဝသော ဦးဆောင်မှု၊ စီမံခန့်ခွဲမှုအဖွဲ့၏ အချိန်နှင့်တပြေးညီ ဆုံးဖြတ်ချက်များ၊ ဝန်ထမ်းများ၏ စည်းလုံးညီညွတ်မှုနှင့် တက်ကြွအားထုတ်မှုတို့ကြောင့် အဆိုပါ စိန်ခေါ်မှုများစွာကို ထိထိရောက်ရောက် ဖြေရှင်း ကျော်ဖြတ်နိုင်ခဲ့ပါသည်။

စီးပွားရေးစိန်ခေါ်မှုများနှင့် တုံ့ပြန်ဆောင်ရွက်ချက်များ

(က) ဘတ်ဂျက်နှင့် ကုန်ကျစရိတ် ထိန်းချုပ်မှု ကုန်ထုတ်စရိတ် မြင့်တက်မှုကို တုံ့ပြန်နိုင်ရန်အတွက် automation ကို ထိရောက်စွာ အသုံးချခြင်းဖြင့် စုစုပေါင်း ကုန်ကျစရိတ် လျှော့ချနိုင်ခဲ့ပါသည်။

(ခ) ဈေးကွက်အလားအလာ ပြောင်းလဲမှုများ အပေါ် တုံ့ပြန်ခြင်း မော်တော်ယာဉ်ပစ္စည်းများ ဈေးကွက်အတွင်း Lubricants ၊ Grease နှင့် Coolants ကဏ္ဍများအား ဦးတည်၍ ဈေးကွက်တိုးချဲ့မှု ပြုလုပ်နိုင်ခဲ့သည်။

TOYO နှင့် LION ဘက်ထရီများ၏ အရည်အသွေးကို တိုးတက်အောင်မြှင့်တင်ပြီး ပြည်တွင်းနှင့် ပြည်ပ ဈေးကွက်များသို့ တင်ပို့မှုများကို တည်တံ့စွာ ဆက်လက်လုပ်ဆောင်နိုင်ခဲ့ပါသည်။

(ဂ) လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု ဝန်ထမ်းများ၏ အလုပ်သမားစွမ်းဆောင်ရည်၊ တီထွင်ဖန်တီးမှုနှင့် တာဝန်ယူမှု တို့ကို အသိအမှတ်ပြု၍ လစာ တိုးမြှင့်ခြင်း နှင့် အကျိုးခံစားခွင့်များ ထိန်းသိမ်းပေးခြင်းများ ပြုလုပ်ခဲ့သည်။

အရေးပေါ်အခြေအနေများအတွက် စဉ်ဆက်မပြတ် တုံ့ပြန်နိုင်ရေးအတွက် Cross-Functional Team များ ဖွဲ့စည်းကာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ခဲ့ပါသည်။

အခန်း(၂)

Corporate Governance

PROVEN GROUP OF COMPANIES

ကော်ပိုရိတ် အုပ်ချုပ်မှု

AI ကြောင့် လျှင်မြန်စွာ ဖြစ်ထွန်းပြောင်းလဲနေသည့် လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှု အခြေအနေများ၊ စိန်ခေါ်မှုများနှင့် တိကျမှန်ကန်သည့် ဆုံးဖြတ်ချက်များအား အချိန်နှင့် တပြေးညီ ချမှတ်လုပ်ကိုင်ရမည့် စီးပွားရေး ဝန်းကျင်ဆိုင်ရာ အခြေအနေများ အောင်မြင်ထိရောက်စွာ ဖြေရှင်းနိုင်ရန်နှင့် စနစ်တကျ ထိန်းကျောင်းမှု များ ချမှတ်လုပ်ဆောင်နိုင်ရန် Proven Group of Companies သည် အောက်ပါ စီမံအုပ်ချုပ်မှု ပုံစံ (Governance Framework) ဖြင့် ကျင့်သုံး ဆောင်ရွက်လျက်ရှိပါသည် -

စီမံအုပ်ချုပ်မှု



၂.၁ CEO ၏ အမှာစကား

လေးစားအပ်ပါသော အစုရှယ်ယာရှင်များခင်ဗျား

ဦးစွာအနေနဲ့ မင်္ဂလာပါလို့ လှိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကိုယ်၊ စိတ်နှလုံး ကျန်းမာခြင်း၊ ချမ်းသာခြင်းများနဲ့လည်း ပြည့်စုံပါစေကြောင်း ထပ်မံ၍ ဆန္ဒပြု ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်တို့ရဲ့ ကုမ္ပဏီအုပ်စုဟာ ၁၉၉၆ ခုနှစ်မှာ ဘက်ထရီထုတ်လုပ်ခြင်း လုပ်ငန်းနဲ့ စတင်ခဲ့ရာ ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ဟာ ကျွန်တော်တို့အတွက် နှစ်သုံးဆယ် ပြည့်မြောက်ပြီဖြစ်တဲ့ အလွန်ထူးခြားသော ကာလတစ်ခု ဖြစ်တယ်လို့ ကျွန်တော်အနေနဲ့ ဆိုချင်ပါတယ်။ ဒီလိုနှစ်(၃၀)ခရီးကို အတူတူတကွ ယုံယုံကြည်ကြည် လက်တွဲလျှောက်လှမ်း ခဲ့ကြတဲ့ ကျွန်တော်ရဲ့ ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များအား လေးစားစွာဂုဏ်ပြုမှတ်တမ်းတင်အပ်ပါတယ်၊ တစ်ဆက်တည်းမှာ အခုအချိန်ကာလအထိ ကျွန်တော်ကို ကုမ္ပဏီအုပ်စုရဲ့ ဦးဆောင်မှုအခန်းကဏ္ဍများတွင် ယုံကြည်စွာအပ်နှံ တာဝန်ပေးအပ်ခဲ့မှုအပေါ် အထူး ကျေးဇူးတင်ရှိပါကြောင်းနဲ့ ဆက်လက်ပြီးတော့လဲ ကုမ္ပဏီအုပ်စု အရှည်တည်တံ့ပြီး အောင်မြင်မှုများစွာ ဆက်လက်ရရှိနေဖို့ ကျွန်တော်အနေနဲ့ အထူးကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ဒီနေရာကနေ ထပ်လောင်းကတိ ပေးအပ်ကြောင်း တင်ပြပြောကြားလိုပါတယ်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ဟာ ကျွန်တော်တို့ ကုမ္ပဏီအုပ်စု စတင်တည်ထောင်မှုရဲ့ အနှစ် (၃၀)ပြည့် အထိမ်းအမှတ်နှစ် အချိန်ကာလလည်း ဖြစ်သလို ကျွန်တော်တို့ကုမ္ပဏီအုပ်စုရဲ့ လျှောက်လှမ်းခဲ့တဲ့ခရီးလမ်းနဲ့ ရှေ့ဆက်လျှောက်ရမဲ့ ခရီးလမ်းတို့နဲ့ စပ်လျှဉ်းပြီး ပြန်လည်ဆန်းစစ်ရန်၊ ပြန်လည်သုံးသပ်ရန်၊ ကျွန်တော်တို့ရဲ့ ရရှိခဲတဲ့ အောင်မြင်မှုများကို ဂုဏ်ပြုမှတ်တမ်းထားရှိရန်နဲ့ အနာဂတ်အတွက် ပိုမိုခိုင်မာတဲ့ မဟာဗျူဟာများ ချမှတ်ရမဲ့ အချိန်ကာလလို့ ကျွန်တော့အနေနဲအလေးထား မီးမောင်းထိုး တင်ပြလိုပါတယ်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ဟာ ကျွန်တော်တို့အနေနဲ့ လုံးဝတွက်ချက်မထားမိခဲ့တဲ့ မမျှော်လင့်ထားတဲ့ စိန်ခေါ်မှုများရဲ့ နှစ်တစ်နှစ်ဖြစ်ခဲ့တယ်လိုဆိုရင် ကျွန်တော်ရဲ့ အစုရှယ်ယာရှင်များအနေနဲ့ တစ်သဘောထားထဲ ဖြစ်မယ်လို့ ထင်မိပါတယ်။ ကျွန်တော်တို့ရဲ့ စီးပွားရေးအခင်းအကျင်း (Business Environment)အပေါ် နိုင်ငံတကာရဲ့ မတည်ငြိမ်မှုများ၊ ငွေကြေးအတက် အကျ၊ ထောက်ပံ့ရေး ကွင်းဆက်ဆိုင်ရာ အကျပ်အတည်းများနဲ့ လုပ်ငန်းခွင်ပုံစံဟောင်းကို ပြောင်းလဲစေတဲ့ နည်းပညာအသစ်များက အံ့အားသင့်ဖွယ် ရိုက်ခတ်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အစုရှယ်ယာရှင်များခင်ဗျား

အထက်မှာ တင်ပြခဲ့သလို မမြင်နိုင်တဲ့ ကြိုတင်ခန့်မှန်းရခက်တဲ့ ဈေးကွက်အတက်အကျများ၊ မူဝါဒဆိုင်ရာ အပြောင်းအလဲများ နှင့် ကမ္ဘာစီးပွားရေး နေးကွေးမှုရဲ့ သက်ရောက်မှုများက လုပ်ငန်းခွင်အသီးသီးကို ထိရှစေခဲ့ပါတယ်။ Proven Group အနေနဲ့လည်း အဆိုပါ ရိုက်ခတ်မှုများ အတိုင်းအတာတစ်ခုအထိ ထိရှခဲ့တယ်ဆိုတာ ကျွန်တော်ရဲ့ ဒါရိုက်တာ အဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များ သိမြင်ခဲ့ကြမှာ ဖြစ်ပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ Proven Group အနေနဲ့ ကုမ္ပဏီအဖွဲ့စုအတွင်းမှ ချမှတ်ကျင့်သုံးနေတဲ့ Risk Managment ၊ BCP အပါအဝင် ကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှုနည်းစနစ်များအရ အဆိုပါထိရှမှုများနဲ့ စပ်လျဉ်းပြီး အရေးကြီးတဲ့ သက်ရောက်မှုများ (Critical Risks) များ အပေါ် ကြိုတင်ခန့်မှန်း တွက်ဆနိုင်ခဲ့ပြီး အကောင်းမွန်ဆုံး ပြင်ဆင်ကာကွယ်နိုင်ခဲ့ပါတယ်။ ဒါကြောင့်မို့ Proven Groupဟာ နှစ် (၃၀) အထိ ခံနိုင်ရည်ရှိတဲ့ အဖွဲ့အစည်း(Resilient Organization)တစ်ရပ်အဖြစ် ရပ်တည် သက်သေပြသနိုင်ခဲ့ပါတယ်။

ဒီနေရာမှာ ဆက်လက်တင်ပြလိုတာက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့အနေနဲ့ လုပ်စရာအသစ်များ များစွာ လုပ်ဆောင်နိုင်ခဲ့သလို အရေးကြီးတဲ့ ဆုံးဖြတ်ချက်များ (Major Decisions) များစွာကိုလည်း ချမှတ်ခဲ့နိုင်ခဲ့ပါတယ်။ အခု လုပ်ဆောင် ချက်တွေဟာ Proven Group ရဲ့ အနာဂတ်ပုံရိပ် အသစ်တစ်ခု အထိဖြစ်စေနိုင်တဲ့အထိလည်း ပါဝင်ခဲ့ပါတယ်။

လေးစားအပ်ပါသော အစုရှယ်ယာရှင်များခင်ဗျား

ကမ္ဘာအခြေအနေများ ပြောင်းလဲနေမှုများထဲက နည်းပညာရပ်ဆိုင်ရာ ပြောင်းလဲမှု အထူးသဖြင့် ဉာဏ်ရည်တုနည်းပညာ (Artifical Intelligence) ရဲ့ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးလာမှုဟာ ကျွန်တော်တို့ရဲ့ စီးပွားရေးနယ်ပယ်ထဲကို အရှိန်အဟုန်နဲ့ စီးဝင်လာပြီ ဖြစ်ပါသည်။ ဒီ အရှိန်အဟုန်ကို မည်သူ ၊ မည်သည့်အဖွဲ့အစည်းကမှ တားဆီးလို့ရနိုင်မှာ မဟုတ်ပါဘူး၊ အကောင်းဆုံး လုပ်ဆောင်ရမဲ့အချက်ကတော့ အဆိုပါအရှိန်အဟုန်ကို ရယူပြီး မိမိလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ Proven Group အနေနဲ့ Digitalization မဖြစ်မနေဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲ့လိုဆောင်ရွက်နိုင်ဖို့ အရင်လို ကျွန်တော်ရဲ့ဒါရိုက်တာ အဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များရဲ့ မဆုတ်မနစ်တဲ့ ပံ့ပိုးပေးမှု ၊ ထောက်ခံအားပေးမှုနဲ့ အကြံပြုချက်များ လုပ်ဆောင်ပေးကြားဖို့ လေးနက်စွာ တင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ယခုနှစ်၏ အဓိကသင်ခန်းစာဖြစ်တဲ့ ကြီးမားတဲ့အောင်မြင်မှုဆိုတာ ရာသီဥတုသာယာချိန်တွင် ရွက်လွှင့်ခြင်း မဟုတ်ဘဲ မုန်တိုင်းထန်သည့် အချိန်တွင် အတူတကွ လှော်ခတ်နိုင်ခြင်းဖြစ်သည်ဆိုသည့် အချက်ပင်ဖြစ်ပါသည်။ ယခုကဲ့သို့ စိန်ခေါ်မှုများ များပြားတဲ့ ခရီးတစ်လျှောက် ဘေးချင်းကပ်ရပ်ပေးခဲ့ကြတဲ့ ကျွန်တော်ရဲ့ ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ လုပ်ဖော်ကိုင်ဖက်များနှင့် အထူးသဖြင့် ကျွန်တော့်ရဲ့ စိတ်ဓာတ်ကြံ့ခိုင်တဲ့ ဝန်ထမ်းများအားလုံးကို ကျေးဇူးအထူး တင်ရှိပါကြောင်း လှိုက်လှိုက်လှဲလှဲ ဖော်ပြအပ်ပါတယ်။

လာမည့် ၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ်တွင် ကျွန်တော်တို့အနေနဲ့ ယခုရရှိလာခဲ့တဲ့အတွေ့အကြုံများအပေါ် အခြေခံပြီး အားသွန်ခွန်စိုက် အသုံးချကာ လိုက်လျောညီထွေရှိမှု၊ ဆန်းသစ်တည်ထွင်မှုနှင့် စဉ်ဆက်မပြတ်ပြောင်းလဲမှုကို တပြေးညီကျင့်သုံးတဲ့ ပိုမိုကျစ်လစ်ပြီး စွမ်းဆောင်ရှိကာ ခံနိုင်ရည်ရှိတဲ့ ကုမ္ပဏီအဖွဲ့အစုတစ်ရပ်အဖြစ် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကတိပြုတင်ပြအပ်ပါတယ်။

အားလုံးကို အထူးကျေးဇူးတင်ပါတယ်။

သန်းထိုက်လွင်
CEO

၂.၂ ဒါရိုက်တာ အဖွဲ့

၂.၂.၁ ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းပုံ (Board Structure)

Proven Group of Companies အနေဖြင့် အဓိက လုပ်ငန်းဖြစ်သည့် ခဲ အက်ဆစ် ဘက်ထရီထုတ်လုပ်ခြင်း လုပ်ငန်းအပါအဝင် ဆက်စပ်လုပ်ငန်းများ၊ စက်ဆီ၊ ချောဆီတင်သွင်း ဖြန့်ချီခြင်း လုပ်ငန်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်(Renewal Energy) ဆိုင်ရာ ပစ္စည်းများ တင်သွင်း ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ မြေယာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း၊ စက်ပစ္စည်းများ ပြုပြင်ခြင်းနှင့် တပ်ဆင်ခြင်းဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်း၊ မော်တော်ယဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယင်းတို့၏ဆက်စပ်သည့်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးခြင်း၊ တဆင့်ပြန်လည်ရောင်းချခြင်း လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေခြင်းကြောင့် ဒါရိုက်တာအဖွဲ့အား အမှုဆောင်မဟုတ်သော ဒါရိုက်တာအများစုဖြင့် ဖွဲ့စည်းလျှက် ပညာအရည် အချင်း၊ ကျား/မ ၊ အသက် အရွယ်၊ လူမျိုးနှင့် စီးပွားရေးလုပ်ငန်း အတွေ့အကြုံပေါင်းစုံ ပါဝင်ရောယှက်မှုဖြင့် ဖွဲ့စည်းပြီး အောက်ပါ အခြေအနေများနှင့်အညီ ဖွဲ့စည်းထားပါသည် -

(၁) လွတ်လပ်ပြီး မျှတသော ဖွဲ့စည်းမှု၊

(၂) အတွေးအမြင်စုံလင်မှုနှင့် ပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးမှု ၊

(၃) ကော်ပိုရိတ်အုပ်ချုပ်မှုဆိုင်ရာ အကောင်းဆုံး အလေ့ အကျင့်များ ဆောင်ရွက်နိုင်မှု၊

(၄) ရေရှည်တည်တံ့သော အောင်မြင်မှုအတွက် ကြိုးပမ်းအားထုတ်မှု၊

၂.၂.၂ ဒါရိုက်တာအဖွဲ့

Proven Group of Companies   သည် တာဝန်ယူမှုရှိသည့်လုပ်ငန်းတစ်ရပ် (Responsible Business) အဖြစ် အစဉ်ရပ် တည်နိုင် စေရန် အတွေ့အကြုံနှင့် စွမ်းဆောင်ရည် ပြည့်ဝသည့် ဒါရိုက်တာအဖွဲ့က တာဝန်ယူ ထိန်းကျောင်း ဆောင်ရွက် ပေးနိုင်ရေး ကုမ္ပဏီ အဖွဲ့စု၏ ဒါရိုက်တာအဖွဲ့အား အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည်-

ဦးထွန်းမြင့်
ဥက္ကဋ္ဌ

ဒေါ်မြမြသန်း
အမှုဆောင် ဒါရိုက်တာ

ဦးသန်းထိုက်လွင်
အမှုဆောင်အရာရှိချုပ်

ဦးမျိုးသစ်အောင်
အမှုဆောင် ဒါရိုက်တာ

ဦးအေးကို
အမှုဆောင်မဟုတ်သည့်
ဒါရိုက်တာ

ဒါရိုက်တာအဖွဲ့

ဦးမျိုးလွင်
အမှုဆောင်မဟုတ်သည့်
ဒါရိုက်တာ

ဦးကြည်ဝွမ်
အမှုဆောင်မဟုတ်သည့်
ဒါရိုက်တာ

ဦးမြင့်နိုင်
အမှုဆောင်မဟုတ်သည့်
ဒါရိုက်တာ

ဒေါ်ဝမ်မေရီ
အမှုဆောင်မဟုတ်သည့်
ဒါရိုက်တာ

ဦးကျိန်မြင့်
အမှုဆောင်မဟုတ်သည့်
ဒါရိုက်တာ

ဦးအောင်အောင်
အမှုဆောင်မဟုတ်သည့်
ဒါရိုက်တာ

ဦးတင့်မျိုးနိုင်
အမှုဆောင်မဟုတ်သည့်
ဒါရိုက်တာ

ဦးမြင့်ဇော်
အမှုဆောင်မဟုတ်သည့်
ဒါရိုက်တာ

ဦးဉာဏ်သစ်လှိုင်
အမှုဆောင်မဟုတ်သည့်
ဒါရိုက်တာ

ဦးစိုင်းလှဝင်း
အမှုဆောင်မဟုတ်သည့်
ဒါရိုက်တာ

ဦးမျိုးမင်းထွန်း
အမှုဆောင်မဟုတ်သည့်
ဒါရိုက်တာ

ဦးဇော်မျိုးမြင့်
အမှုဆောင် မဟုတ်သည့်
ဒါရိုက်တာ

၂.၂.၃ ဒါရိုက်တာများ လေ့ကျင့် ပျိုးထောင်မှု အစီအစဉ်

Proven Group of Companies သည် လုပ်ငန်းအဖွဲ့အစည်း၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရပ်ဆိုင်ရာ ဗဟုသုတများ၊ ယှဉ်ပြိုင်နိုင်စွမ်းနှင့် တစ်သက်တာသင်ယူမှု (Lifelong Learning) တို့ကို အဓိကမဏ္ဍိုင်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ သို့ပါ၍ Group of Companies အနေဖြင့် မိမိတို့၏ ဒါရိုက်တာများအား အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ပေးပါသည် -

(က) နိုင်ငံတကာအဆင့်မီ စီးပွားရေး နည်းဗျူဟာများ၊ စီမံခန့်ခွဲမှု နည်းလမ်းများနှင့် လုပ်ငန်းခွင်အတွေ့အကြုံများ၊

(ခ) လုပ်ငန်းတိုးတက်ရေးအတွက် အဆင့်မြင့် သင်တန်းများ၊

(ဂ) လေ့လာရေး ခရီးစဉ်များ နှင့် Mentorship အစီအစဉ်များ

၂၀၂၅ ဧပြီလ မှ ၂၀၂၆ မတ်လ အတွင်း ဒါရိုက်တာများအား အောက်ပါသင်တန်းများ စေလွှတ် တက်ရောက်စေခဲ့ပါသည် -

အမည်	သင်တန်း	သင်တန်းအဖွဲ့အစည်း	ကာလ	မှတ်ချက်
ဦးမျိုးသစ်အောင်	Managing Winning Portfolios Event (Workshop)	Myanmar Private Equity and Venture Capital Association	၂၀၂၅၊ မေ	In Class
ဦးတင့်မျိုးနိုင်	Finance for Director	MIoD	၂၀၂၅၊ ဇူလိုင်	In Class
ဦးမျိုးမင်းထွန်း	Finance for Director	MIoD	၂၀၂၅၊ ဇူလိုင်	In Class
ဦးသန့်ဇော်ဦး	Finance for Director	MIoD	၂၀၂၅၊ ဇူလိုင်	In Class
ဦးသန့်ဇော်ဦး	Corporate Citizenship Program	MIoD	၂၀၂၆၊ ဖေဖော်ဝါရီ	In Class

၂.၂.၄ ဒါရိုက်တာအဖွဲ့ အစည်းအဝေးကျင်းပမှု

၂၀၂၅ ဧပြီလမှ ၂၀၂၆ မတ်လအထိ Group of Companies ဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် မူဝါ ရေးရာ၊ အုပ်ချုပ်ရေးမှုရေးရာ စီမံခန့်ခွဲမှုရေးရာတို့နှင့် စပ်လျဉ်းပြီး လမ်းညွှန်မှု၊ ဦးဆောင်မှု၊ ထိန်းကျောင်းမှုများ အချိန်နှင့်တပြေးညီ ဆောင်ရွက်ပေးရန် Proven Group of Companies ၏ ဒါရိုက်တာအဖွဲ့ အစည်းအဝေးများအား အောက်ပါအတိုင်းကျင်းပခဲ့ပါသည် -

၂၀၂၅ ဧပြီလမှ ၂၀၂၆ မတ်လအထိ ကျင်းပခဲ့သည့် ဒါရိုက်တာအဖွဲ့ အစည်းအဝေး					(၄)ကြိမ်
စဉ်	အမည်	စတင်အရွေးခံ ရသည့်နှစ်	နောက်ဆုံးအကြိမ် အရွေးခံရသည့်နှစ်	ရာထူး	တက်ရောက်ခဲ့သည့် အကြိမ်
၁	ဦးထွန်းမြင့်	၁၉၉၆	၂၀၂၅	ဥက္ကဋ္ဌ	၄
၂	ဦးသန်းထိုက်လွင်	၂၀၀၈	၂၀၂၅	အမှုဆောင် အရာရှိချုပ်	၄
၃	ဒေါ်မြမြသန်း	၁၉၉၆	၂၀၂၅	အမှုဆောင် ဒါရိုက်တာ	၃
၄	ဦးမျိုးသစ်အောင်	၂၀၀၈	၂၀၂၅	အမှုဆောင် ဒါရိုက်တာ	၄

၂၀၂၅ ဧပြီလမှ ၂၀၂၆ မတ်လအထိ ကျင်းပခဲ့သည့် ဒါရိုက်တာအဖွဲ့ အစည်းအဝေး					(၄)ကြိမ်
စဉ်	အမည်	စတင်အရွေးခံရသည့်နှစ်	နောက်ဆုံးအကြိမ်အရွေးခံရသည့်နှစ်	ရာထူး	တက်ရောက်ခဲ့သည့်အကြိမ်
၅	ဦးဇော်မျိုးမြင့်	၂၀၁၁	၂၀၂၅	အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ	၄
၆	ဦးအောင်အောင်	၁၉၉၆	၂၀၂၅	အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ	၄
၇	ဦးမြင့်ဇော်	၂၀၀၈	၂၀၂၅	အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ	၄
၈	ဦးညဏ်သစ်လှိုင်	၂၀၀၈	၂၀၂၅	အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ	၄
၉	ဦးကျိုန်မြင့်	၁၉၉၆	၂၀၂၅	အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ	၃
၁၀	ဦးမြင့်နိုင်	၁၉၉၆	၂၀၂၅	အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ	၄
၁၁	ဒေါ်ဝမ်မေရီ	၂၀၀၈	၂၀၂၅	အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ	၄
၁၂	ဦးကြည်ဝွမ်	၁၉၉၆	၂၀၂၅	အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ	၄
၁၃	ဦးမျိုးလွင်	၁၉၉၆	၂၀၂၅	အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ	၁
၁၄	ဦးစိုင်းလှဝင်း	၂၀၁၇	၂၀၂၅	အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ	၄
၁၅	ဦးတင့်မျိုးနိုင်	၂၀၁၇	၂၀၂၅	အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ	၄
၁၆	ဦးအေးကို	၂၀၀၅	၂၀၂၅	အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ	၄
၁၇	ဦးမျိုးမင်းထွန်း	၂၀၁၉	၂၀၂၅	အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ	၄

၂.၂.၅ နှစ်ပတ်လည် စုံညီအစည်းအဝေး ကျင်းပမှု

၂၀၂၄- ၂၀၂၅ Proven Group of Companies ၏ နှစ်ပတ်လည် စုံညီအစည်းအဝေးအား ၂၀၂၅ခုနှစ်၊ ဩဂုတ်လ၊ (၁၆) ရက်နေ့တွင် ရန်ကုန်မြို့၊ The Eravati Sule Grand Yangon Hotel ၌ ကျင်းပခဲ့ပါသည်။ အဆိုပါ နှစ်ပတ်လည် စုံညီ အစည်းအဝေးသို့ ဒါရိုက်တာအဖွဲ့အနေဖြင့် စုစုပေါင်း (၁၅)ဦး၊ ကိုယ်စား တက်ရောက်သူ (၂)ဦး၊ ဖိတ်ကြား၍တက်ရောက်သူ (၉)ဦး တက်ရောက်ခဲ့ကာ အောက်ပါ အချက်များ ဆုံးဖြတ်ခဲ့ပါသည် -

(က) ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းတိုးတက်မှု အခြေအနေများကို အတည်ပြုခဲ့သဖြင့် မှတ်တမ်းတင် ဆောင်ရွက်သွားရန်၊

(ခ) ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား အတည်ပြုခဲ့သဖြင့် ဆက်လက် ဆောင်ရွက်သွားရန်၊

(ဂ) Proven Group of Companies ၏ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် JF Audit Firm ၏ စာရင်းစစ် အစီရင်ခံစာအား အတည်ပြုရန်၊

(ဃ) Proven Group of Companies ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အစီရင်ခံစာ(Annual Report) အား အတည်ပြုရန်။

(င) ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အတွက် Proven Group of Companiese နှင့် ညီနောင်ကုမ္ပဏီများ၏ စာရင်းများအား စစ်ဆေးမည့် External Audit Firm များအား ရွေးချယ်ထားသည့်အတိုင်း အတည်ပြုခဲ့သဖြင့် ဆက်လက်ဆောင်ရွက်သွားရန်။

(စ) ၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် Proven Group of Companies ၏ ဒါရိုက်တာအဖွဲ့အား အဖွဲ့ဝင် (၁၇) ဦးဖြင့် ဖွဲ့စည်းခြင်းကို အတည်ပြုခဲ့သည့် အတွက် ဆက်လက်ဆောင်ရွက်သွားရန်။

(ဆ) ၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အကြံပေးပုဂ္ဂိုလ် (၂)ဦး ခန့်အပ်ခြင်းကို အတည်ပြုခဲ့သည့်အတွက် ဆက်လက်ဆောင်ရွက်သွားရန်။

(င) Proven Group of Companies ၏ Constitution (မူကြမ်း)အား အစုရှယ်ယာရှင်များက သဘောတူညီခဲ့သဖြင့် DICA သို့တင်ပြ အတည်ပြုချက်ရယူရန်။

Proven Group of Companies ၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည် စုံညီအစည်းအဝေးအား ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ၊ (၂၉) ရက်နေ့တွင် Hotel Sedona ၌ ကျင်းပသွားမည်ဖြစ်ပါသည်။

၂.၃ စီမံခန့်ခွဲမှု အဖွဲ့

ဦးသန်းထိုက်လွင်သည် အမေရိကန်နိုင်ငံ Bemidji State University မှ B.Sc (Management, Marketing and Small Business Management) ဘွဲ့ကို ရရှိခဲ့ပါသည်။ IFC နှင့် Myanmar Institute of Director (MIOD) တို့မှ ကျင်းပသည့် Corporate Governance Programme သင်တန်းကို တက်ရောက်အောင်မြင်ထားသည့် Certified Director တစ်ဦးဖြစ်ပါသည်။

၂၀၀၅ ခုနှစ်တွင် Proven Technology Industry Company (PTIC) ကုမ္ပဏီ၏ အထွေထွေ မန်နေဂျာအဖြစ် စတင်တာဝန် ထမ်းဆောင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် လုပ်ငန်းလည်ပတ်ရေး အရာရှိချုပ်(COO) နှင့် ၂၀၁၆ ခုနှစ်မှ စ၍အုပ်ချုပ်မှု ဒါရိုက်တာအဖြစ် တာဝန်များ ထမ်းဆောင်ခဲ့ပါသည်။

ဦးသန်းထိုက်လွင်သည် Proven Group ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး Group CEO အဖြစ်လည်း တာဝန်ယူဆောင်ရွက်လျက်ရှိကာ Proven Group ၏ ညီနောင်ကုမ္ပဏီများ၊ Myanmar Automobile Development Public Co., Ltd တို့တွင် ကိုယ်စားလှယ် ဒါရိုက်တာအဖြစ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးလူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များ အသင်း နှင့် ရန်ကုန်တိုင်း ဒေသကြီး မော်တော်ယာဉ် အပိုပစ္စည်း လုပ်ငန်းရှင်များ အသင်းတို့၏ ဥက္ကဋ္ဌ အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရပါသည်။ ၂၀၁၉ခုနှစ်တွင် Young Alumni Award ဆုကို Bemidji State University ၏ နှစ်(၁၀၀)ပြည့် နှစ်ပတ်လည် နှင့် Gala ညစာစားပွဲတွင် ချီးမြှင့်ခြင်း ခံခဲ့ရပါသည်။

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် ၂၀၁၆ခုနှစ်တွင် အာဆီယံဒေသ အတွင်း ဆုဖြစ်သည့် ASEAN-OSHNET BEST PRACTICES AWARD ကို PROVEN GROUP OF COMPANIES ၏ ညီနောင် ကုမ္ပဏီဖြစ်သည့် Proven Technology Industry Co., Ltd (PTIC) ကုမ္ပဏီက ရရှိစေခြင်း၊ ပွင့်သစ်စက ထုတ်ပြန်သည့် ပွင့်လင်းမြင်သာမှု အရှိဆုံး မြန်မာနိုင်ငံ ကုမ္ပဏီများ စာရင်းတွင် Proven Group အနေဖြင့် ၂၀၂၀ခုနှစ်တွင်အဆင့် ၁၈၊ ၂၀၂၂ ခုနှစ်တွင် အဆင့် ၁၃ ရရှိရာမှ ၂၀၂၄ ခုနှစ်တွင် အဆင့် ၉ ရရှိခဲ့ပြီး ထိပ်တန်းအဆင့် (၁၀)အတွင်း ရောက်ရှိအောင် ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။

UMFCCI ၏ ဗဟိုအမှုဆောင် ကော်မတီ (CEC) ဝင်တစ်ဦး အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်း (MIA) ၏ တွဲဖက် အထွေထွေ အတွင်းရေးမှူးတာဝန်များ ကိုလည်းကောင်း၊ Myanmar Barcode Association ၏ Founder တစ်ဦးလည်း ဖြစ်ကာ လက်ရှိတွင် အဆိုပါအသင်း၏ ဒုတိယဥက္ကဋ္ဌ ၊ မြန်မာနိုင်ငံ မော်တော်ယာဉ်အပို လုပ်ငန်းရှင်များအသင်း နာယက ၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးလုပ်ငန်းရှင်များအသင်း နာယက၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် ချစ်ကြည်ရေးအသင်း အလုပ်မှုဆောင် တာဝန်များကို လည်းကောင်း ထမ်းဆောင်ပေးလျက်ရှိနေပါသည်။

ဒေါ်မြမြသန်းသည် မော်လမြိုင် တက္ကသိုလ်မှ B.Sc (Physics) ကို ရရှိခဲ့ပါသည်။ ၁၉၉၆ ခုနှစ်တွင် ခင်ပွန်းဖြစ်သူ ဦးအုန်းလွင် နှင့်အတူ Proven Technology Industry Co., Ltd (PTIC) ကုမ္ပဏီကို စတင်တည်ထောင်ရာတွင် ပါဝင်ခဲ့သူ(Founder) တစ်ဦးလည်း ဖြစ်ပါသည်။

Proven Technology Industry Co., Ltd (PTIC) ကုမ္ပဏီ၏ ဒါရိုက်တာ (ဘဏ္ဍာရေး)ရာထူးဖြင့် ၂၈ နှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ပေးခဲ့ပါသည်။ လက်ရှိတွင် Proven Group ၏ အချိန်ပိုင်း အမှုဆောင်ဒါရိုက်တာ (ဘဏ္ဍာရေး) အဖြစ် တာဝန်ယူဆောင်ရွက်ပေးလျက် ရှိပါသည်။

ဦးမျိုးသစ်အောင်သည် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ B.com (Hons:)၊ M.com (Exam Passed) ဘွဲ့ကိုလည်းကောင်း၊ RV-Singapore မှ Diploma in ESHRM ကို လည်းကောင်း၊ Diploma in Financial Reporting (UK) ကို လည်းကောင်း ရရှိခဲ့ပါသည်။ Proven Technolgy Industry Co., Ltd (PTIC) ကုမ္ပဏီသို့ ၂၀၀၁ ခုနှစ်တွင် ဘဏ္ဍာရေး မန်နေဂျာအဖြစ် စတင် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ဒါရိုက်တာအဖြစ် ရွေးချယ်ခန့်ထားခြင်း ခံရပါသည်။ လက်ရှိတွင် Proven Group ၏ စီမံခန့်ခွဲရေးနှင့် ငွေစာရင်း တာဝန်ကို ပူးတွဲဆောင်ရွက်လျက် ရှိပါသည်။

IFC နှင့် Myanmar Institute of Director (MIOD) တို့မှ ကျင်းပသည့် Corporate Governance Programmeနှင့် MIoD ၏ Director Certification Programတို့ကို တက်ရောက်အောင်မြင်ထားသည့် Certified Director တစ်ဦးဖြစ်ပါသည်။

ဦးအေးကိုသည် ခဲအက်ဆစ်ဘက်ထရီထုတ်လုပ်ခြင်း၊ အရည်အသွေး စီမံထိန်းသိမ်းခြင်းနှင့် နည်းပညာဖွံ့ဖြိုး တိုးတက်ရန် ဆောင်ရွက်မှုများတွင် နှစ်ပေါင်း (၃၀)ကျော် အတွေ့အကြုံ ရှိသူ တစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံ ဘက်ထရီထုတ်လုပ်မှုလုပ်ငန်း ပြောင်းလဲမှုတွင် ပါဝင် ဆောင်ရွက်ခဲ့သူလည်း ဖြစ်ပါသည်။

MIoD ၏ Director Certification Program တို့ကို တက်ရောက် အောင်မြင်ထားသည့် Certified Director တစ်ဦးဖြစ်ပြီး လက်ရှိတွင် Proven Polyworld Co., Ltd ၏ အုပ်ချုပ်မှု ဒါရိုက်တာ၊ Proven Technology Industry Co., Ltd နှင့် Yangon Metal Indsutry Co., Ltd တို့ ၏ ထုတ်လုပ်ရေး ဒါရိုက်တာအဖြစ် ပူးတွဲတာဝန် ထမ်းဆောင်ပေးလျက် ရှိပါသည်။

ဦးသန့်ဇော်ဦးသည် ဒဂုံတက္ကသိုလ်မှ B.Sc (Maths)ဘွဲ့ကိုရရှိခဲ့သည်။ UMCCI နှင့် HIDA တို့ပူးပေါင်းဖွင့်လှစ်သည့် စီမံခန့်ခွဲမှု သင်တန်းအား ဂျပန်နိုင်ငံတွင် တက်ရောက် အောင်မြင်ခဲ့ပါသည်။

Proven Technology Industry Co., Ltd ကုမ္ပဏီသို့ ၁၉၉၈ ခုနှစ်၌ Sale and Marketing အပိုင်းမှစတင် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ရာထူး တာဝန်အမျိုးမျိုး တိုးမြှင့်ထမ်း ဆောင်ခဲ့ရာ ၂၀၂၅ ခုနှစ်မှစ၍ Proven Distribution Co., Ltd ၏ Chief Operation Officer အဖြစ် တာဝန် ထမ်းဆောင်လျက်ရှိပါသည်။

IFC နှင့် Myanmar Institute of Director (MIoD)တို့မှ ကျင်းပသည့် Corporate Governance Programmeနှင့် MIoD ၏ Director Certification Program တို့ကို တက်ရောက်အောင်မြင်ထားသည့် Certified Director တစ်ဦးဖြစ်ပါသည်။

ဦးကျော်ညွန့်သည် Proven Group of Companies ၏ အကြံပေးပုဂ္ဂိုလ်တစ်ဦး အဖြစ် ၂၀၀၇ ခုနှစ်မှစ၍ စတင်ခန့်ထားခြင်း ခံခဲ့ရပါသည်။ ၁၉၄၁ ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားပြီး Methodist အထက်တန်းကျောင်းတွင် ပညာဆည်းပူးခဲ့ပါသည်။ ၁၉၆၈ ခုနှစ် တွင် B.A ဘွဲ့ရရှိခဲ့ပြီး စာရင်းအင်း ဒီပလိုမာကိုလည်း ရရှိခဲ့ပါသည်။ Advance Accounting and Finance ဘာသာရပ်ကို ယူကေနိုင်ငံ၊ ဂလက်စကိုမြို့ရှိ University of Strathclyde တွင် လေ့လာသင်ယူခဲ့ပြီး လက်မှတ်ရပြည်သူ့ စာရင်းကိုင် (CPA)၊ အာဆီယံ အသိအမှတ်ပြု ချာတာလက်မှတ်ရ စာရင်းကိုင် (ACPA) နှင့် ASEAN Chartered Practising Accountant တစ်ဦးလည်း ဖြစ်ပါသည်။

၁၉၈၃ခုနှစ်တွင် စာရင်းစစ်ချုပ်ရုံး ဒုတိယညွှန်ကြား ရေးမှူး ရာထူးဖြင့်လည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် ရှမ်းပြည်နယ် စာရင်း စစ်အရာရှိအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် စာရင်းစစ်ချုပ်ရုံး ဒုတိယ ညွှန်ကြားရေးမှူး ရာထူးမှအငြိမ်းစား ယူခဲ့ကာ Kyaw Nyunt & Associates ပြင်ပ စာရင်းစစ်အဖွဲ့ကို တည်ထောင်ခဲ့ပါသည်။ စွမ်းအင်၊ သတ္တုတွင်း၊ ရေကြောင်း သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်ရေး၊ အကြီးစားစက်မှု လုပ်ငန်းနှင့် လူမှုဖူလုံရေး ကဏ္ဍများကို စာရင်းစစ်ဆေးခြင်းတွင် အတွေ့အကြုံ များစွာ ရှိပါသည်။

လူမှုအဖွဲ့အစည်းဆောင်ရွက်ချက်များအနေဖြင့် မြန်မာနိုင်ငံစာရင်းကောင်စီ (Myanmar Accountancy Council) ၏ ကောင်စီဝင် တစ်ဦး အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူစာရင်းကိုင်များအသင်း (MICPA) ၏ နာယက တစ်ဦးအဖြစ်လည်းကောင်း ပါဝင် ဆောင်ရွက်လျက်ရှိပါသည်။ အကြံပေးဝန်ဆောင်မှုများအပြင် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိ အဖြစ်လည်း ဆောင်ရွက်ပေးလျက် ရှိပါသည်။ Corporate Governance စာအုပ်၊ Dictionary for Accounting စာအုပ်များ၊စီးပွားရေး နှင့် စီမံခန့်ခွဲရေးဆောင်းပါးများကို ရေးသားသည့် စာရေးဆရာလည်း ဖြစ်ပါသည်။

ဦးအောင်ညွန့်သည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအတွက် အကြံ ပေးအရာရှိအဖြစ် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လမှစ၍ ခန့်ထားခြင်း ခံခဲ့ရပါသည်။ ၁၉၄၄ ခုနှစ်တွင် မွေးဖွားပြီး မြို့မ အထက် တန်းကျောင်းတွင် ပညာဆည်းပူးခဲ့ပါသည်။ ၁၉၆၄ ခုနှစ် တွင် B. Com (Accounting)၊ ၁၉၆၅ ခုနှစ်တွင် Registered Accountant (Full-fledge) (ယခု CPA) ဘွဲ့ကို ရရှိခဲ့ပါ သည်။

၁၉၆၆ မှ ၂၀၀၇ ခုနှစ်အထိ (၄၁)နှစ်ခန့် မြန်မာ့ သစ်လုပ်ငန်း ၏ ဘဏ္ဍာရေး/ ငွေစာရင်း ဌာနနှင့် စီမံကိန်း ဌာနတို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အထွေထွေ မန်နေဂျာ (စီမံကိန်း) ရာထူးဖြင့် အငြိမ်းစား ယူခဲ့ပါသည်။ တွဲဖက်တာဝန်အဖြစ် ၁၉၉၁ ခုနှစ်တွင် နေရှင်နယ် အင်ဒတ်စရီရယ်ဟိုလ်ဒင်းကုမ္ပဏီလီမိတက် (N I H L) (အများပိုင်ကုမ္ပဏီ) ၌ ၂နှစ်ခွဲခန့် ဒါရိုက်တာ (ဘဏ္ဍာရေး)တာဝန် ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၅ မှ ၁၉၉၆ ခုနှစ်အထိ မြန်မာ့သစ်တောထွက်ပစ္စည်း ဖက်စပ် ကော်ပိုရေးရှင်းလီမိတက် (Forest J.V) (အများပိုင် ကုမ္ပဏီ)၊ နိုင်ငံခြားဖက်စပ် မြန်မာ-ကိုးရီးယား အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုကုမ္ပဏီ (MKTI)၊ မြန်မာဆီးလ် ကုမ္ပဏီ လီမိတက် (M.S.L) နှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ဗဟိုဌာန ကုမ္ပဏီလီမိတက် (I.B.C) တွင် မြန်မာ့သစ်လုပ်ငန်း၏ အချိန်ပိုင်း ဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

၂၀၀၈ မှ ၂၀၁၃ ခုနှစ် အထိ အောင်ညွန့်နှင့်အဖွဲ့ စာရင်းစစ် အမည်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်/စက်မှု အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (MES)၊ NGO-Japan Seeds Asia Project၊ ပြည်မြို့ ရွှေဆံတော် ဂေါပက ဘဏ္ဍာတော်ထိန်းအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန လီမိတက် (I.B.C)တို့ကို (၆) နှစ်ခန့် လက်မှတ်ရ ပြည်သူ့ စာရင်းကိုင်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး စာရင်းစစ် အစီရင်ခံစာများ ထုတ်ပြန်ခဲ့ပါသည်။

အစိုးရတာဝန်ဖြင့် နိုင်ငံ (၉)နိုင်ငံတွင် ဘဏ္ဍာရေးစီမံခန့်ခွဲမှုပညာ ဆွေးနွေးပွဲများ တက်ရောက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဧပြီလတွင် IFC နှင့် Myanmar Institute of Director (MIOD) တို့ ကျင်းပသည့် Audit Committee Master Programme သင်တန်းကိုလည်း တက်ရောက်ခဲ့ပါသည်။

၂.၃ စီမံခန့်ခွဲမှု အဖွဲ့

၂.၄.၁ အမည်စာရင်း တင်သွင်းရေးနှင့် အခ ကြေးငွေ သတ်မှတ်ရေးကော်မတီ

အမည်စာရင်း တင်သွင်းရေးနှင့် အခကြေး ငွေသတ်မှတ်ရေး ကော်မတီကို အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ (၃)ဦးနှင့် အကြံပေးပုဂ္ဂိုလ် (၁)ဦး၊ စုစုပေါင်း (၄)ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည် -

အမည်	ရာထူး	တာဝန်
ဦးဉာဏ်သစ်လှိုင်	အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ	ဉက္ကဋ္ဌ
ဦးကြင်ဝွမ်	အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ	အဖွဲ့ဝင်
ဦးမြင့်နိုင်	အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ	အဖွဲ့ဝင်
ဦးကျော်ညွန့်	အကြံပေး ပုဂ္ဂိုလ်	အဖွဲ့ဝင်

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အမည်စာရင်းတင်သွင်းရေးနှင့်အခကြေးငွေ သတ်မှတ်ရေး ကော်မတီ အစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပနိုင်ခဲ့ပါသည်-

၂၀၂၅ ဧပြီလမှ ၂၀၂ ၆မတ်လအထိ ကျင်းပခဲ့သည့် အစည်းအဝေး အရေအတွက် စုစုပေါင်း	၂
	တက်ရောက်ခဲ့သည့် အရေအတွက်
ဦးဉာဏ်သစ်လှိုင်	၂
ဦးကြင်ဝွမ်	၂
ဦးမြင့်နိုင်	၂
ဦးကျော်ညွန့်	၂

၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အမည်စာရင်းတင်သွင်းရေး နှင့် အခကြေးငွေသတ်မှတ်ရေး ကော်မတီသည် အောက်ပါ တာဝန်များကို ဆောင်ရွက်ခဲ့ပါသည် -

(၁) Executive Director (၃) ဦးအား ရာထူးတိုးမြှင့်ပေးခြင်းနှင့် ခန့်အပ်ခြင်းတို့ကို ကော်မတီက ထောက်ခံတင်ပြကာ ဒါရိုက်တာအဖွဲ့ အစည်းအဝေးတွင် တင်ပြသွားရန်။

(၂) ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ရွေးချယ်ထားသည့် ဒါရိုက်တာအဖွဲ့ဝင်(၁၇)ဦးအား ကော်မတီ အနေဖြင့် ထောက်ခံပေးပြီး ရွေးချယ်ခံရန် ဆန္ဒရှိ/မရှိ မေးမြန်းကာ ဆန္ဒရှိပါက အဆိုပြုလွှာ တင်သွင်းခြင်းကို ဆောင်ရွက်စေပြီး ဒါရိုက်တာအဖွဲ့ အစည်းအဝေးတွင် တင်ပြသွားရန်။

(၃) ၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် Proven Group of Companies နှင့် ညီနောင် ကုမ္ပဏီများတွင် ခန့်အပ်ရန် စုစုပေါင်း အမှုဆောင်ဒါရိုက်တာ (၁၁)ဦးကို ကော်မတီအနေဖြင့် ထောက်ခံပေးပြီး ဒါရိုက်တာအဖွဲ့ အစည်းအဝေးတွင် တင်ပြသွားရန်။

(၄) ၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် Proven Group of Companies မှ ညီနောင်ကုမ္ပဏီများသို့ ကိုယ်စားပြု စေလွှတ်သော ဒါရိုက်တာ(၉)ဦးအား ကော်မတီအနေဖြင့် ထောက်ခံပေးပြီး ဒါရိုက်တာ အဖွဲ့အစည်းအဝေးတွင် တင်ပြသွားရန်။

(၅) ၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ကော်မတီ (၃)ခုတွင် ရွေးချယ်ထားသော ကော်မတီဝင်များ၏ အမည်စာရင်းကို ကော်မတီ အနေဖြင့် ထောက်ခံပေးပြီး ဒါရိုက်တာအဖွဲ့ အစည်းအဝေးတွင် တင်ပြသွားရန်။

(၆) ၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အကြံပေးပုဂ္ဂိုလ် ဦးကျော်ညွန့် နှင့် ဦးအောင်ညွန့် တို့အား Proven Group of Companies ၏ အကြံပေးပုဂ္ဂိုလ်များအဖြစ် ဆက်လက်ခန့်ထားခြင်းကို ကော်မတီအနေဖြင့် ထောက်ခံပေးပြီး ဒါရိုက်တာ အဖွဲ့အစည်းအဝေးတွင် တင်ပြသွားရန်။

(၇) ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၏ အမြတ်ငွေ (Dividend)ပေးခြင်းကိစ္စကို ကော်မတီအနေဖြင့် ထောက်ခံပေးပြီး ဒါရိုက်တာ အဖွဲ့ အစည်းအဝေးတွင် တင်ပြသွားရန်။

(၈) ၂/၂၄ ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် C-Level အထိ အတည်ပြုထားသည့် Organization Chart အား လက်ရှိ လုပ်ငန်း၏ လုပ်ငန်း သဘောသဘာဝ နှင့် ကိုက်ညီအောင် Nomination & Remuneration Committee က အကြံပြုထားချက်နှင့်အညီ ပြင်ဆင်၍ ဒါရိုက်တာအဖွဲ့ အစည်းအဝေး၌ တင်ပြ အတည်ပြုချက်ယူရန်။

၂.၄.၂ စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များ စီမံခန့်ခွဲမှု ကော်မတီ

စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များ စီမံခန့်ခွဲမှု ကော်မတီကို အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ (၃) ဦး နှင့် အကြံပေးပုဂ္ဂိုလ်(၂) ဦး၊ စုစုပေါင်း(၅)ဦးဖြင့် ဖွဲ့ အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည်-

အမည်	ရာထူး	တာဝန်
ဦးအောင်ညွန့်	အကြံပေး ပုဂ္ဂိုလ်	ဥက္ကဌ
ဦးကျိန်မြင့် (ကိုယ်စား ဦးငွေးယု)	အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ	အဖွဲ့ဝင်
ဦးစိုင်းလုဝင်း	အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ	အဖွဲ့ဝင်
ဦးမြင့်ဇော်	အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ	အဖွဲ့ဝင်
ဦးကျော်ညွန့်	အကြံပေး ပုဂ္ဂိုလ်	အဖွဲ့ဝင်

၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ် နှင့် ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များ စီမံခန့်ခွဲမှု ကော်မတီ အစည်းအဝေးများကို အောက်ပါ အတိုင်း ကျင်းပနိုင်ခဲ့ပါသည် -

၂၀၂၅ ဧပြီလမှ ၂၀၂၆ မတ်လအထိ ကျင်းပခဲ့သည့် အစည်းအဝေး အရေအတွက် စုစုပေါင်း	၂
	တက်ရောက်ခဲ့သည့် အရေအတွက်
ဦးအောင်ညွန့်	၂
ဦးကျိန်မြင့် (ကိုယ်စား ဦးဌေးယု)	၁
ဦးစိုင်းလှဝင်း	၂
ဦးမြင့်ဇော်	၂
ဦးကျော်ညွန့်	၂

စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များ စီမံခန့်ခွဲမှုကော်မတီသည် အောက်ပါတာဝန်များကို ဆောင်ရွက်ခဲ့ပါသည် -

(၁) Internal Audit Report ပါ တွေ့ရှိချက်များအပေါ် ညီနောင်ကုမ္ပဏီများ၏ စီမံခန့်ခွဲမှု အဖွဲ့များအနေဖြင့် တာဝန်ယူ ဆောင်ရွက်ပြီး မပြီး ဆက်လက် စောင့်ကြည့်ပေးရန်။

(၂) Proven Group အနေဖြင့် ထုတ်ပြန်ထားသည့် Fixed Assets Management Policy ကို ညီနောင်ကုမ္ပဏီများတွင် လိုက်နာဆောင်ရွက်မှု ရှိ/မရှိ Internal Audit အနေဖြင့် စစ်ဆေးပေးရန်။

(၃) Proven Group of Companies နှင့်တကွ ညီနောင်ကုမ္ပဏီအသီးသီးတို့၏ ၂၀၂၅ -၂၀၂၆ ခု ဘဏ္ဍာရေးနှစ် စာရင်းများစစ်ဆေးရန် တင်ပြထားသော External Audit Firm များကို ကော်မတီအနေဖြင့် ထောက်ခံတင်ပြကာ ဒါရိုက်တာ အဖွဲ့အစည်းအဝေးတွင် တင်ပြခွင့်ပြုချက် ရယူသွားရန်။

(၄) Risk Management ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

၂.၄.၃ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်မှုကော်မတီ (Business Development Committee)

စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်မှုကော်မတီ ကို အမှုဆောင်ဒါရိုက်တာ (၂)ဦး နှင့် အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ(၄)ဦး ၊ အကြံပေးပုဂ္ဂိုလ် (၁)ဦး၊ စုစုပေါင်း (၇)ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည် -

အမည်	ရာထူး	တာဝန်
ဦးအောင်အောင်	အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ	ဥက္ကဋ္ဌ
ဦးဉာဏ်သစ်လှိုင်	အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ	အဖွဲ့ဝင်
ဦးမြင့်ဇော်	အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ	အဖွဲ့ဝင်
ဦးဇော်မျိုးမြင့်	အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ	အဖွဲ့ဝင်
ဦးသန်းထိုက်လွင်	အမှုဆောင် ဒါရိုက်တာ	အဖွဲ့ဝင်
ဦးမျိုးသစ်အောင်	အမှုဆောင် ဒါရိုက်တာ	အဖွဲ့ဝင်
ဦးအောင်ညွန့်	အကြံပေး ပုဂ္ဂိုလ်	အဖွဲ့ဝင်

၂၀၂၅ ဧပြီလမှ ၂၀၂၆ မတ်လအထိ ကျင်းပခဲ့သည့် အစည်းအဝေး အရေအတွက် စုစုပေါင်း	၂
	တက်ရောက်ခဲ့သည့် အရေအတွက်
ဦးအောင်အောင်	၂
ဦးဉာဏ်သစ်လှိုင်	၂
ဦးမြင့်ဇော်	၂
ဦးဇော်မျိုးမြင့်	၂
ဦးသန်းထိုက်လွင်	၂
ဦးမျိုးသစ်အောင်	၂
ဦးအောင်ညွန့်	၂

စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်မှုကော်မတီသည် အောက်ပါတာဝန်များကို ဆောင်ရွက်ခဲ့ပါသည် -

(၁) Proven Auto Co., Ltd. အနေဖြင့် ဆက်လက်လုပ်ကိုင် ဆောင်ရွက်ရမည့် New Business Plan များကို စဉ်ဆက်မပြတ် အလေးထား ဆောင်ရွက်ပေးရန်ကိစ္စ။

(၂) လက်ရှိအခြေအနေတွင် Proven Energy Co., Ltd. အနေဖြင့် ဈေးနှုန်းကျဆင်းမှုကြောင့် ၂၀၂၆ ခုနှစ်၊ မတ်လ၌ ကုန်လက်ကျန် (Stock)များကို ပြန်လည် အကဲဖြတ် စစ်ဆေး (Revaluation)ကာ ထုတ်ကုန် အသစ်များ (New Product)များ ရောင်းချခြင်းကိစ္စ။

(၃) Proven Polyworld Co., Ltd. ၏ လုပ်ငန်း အစီအစဉ်အသစ် (New Plan)အတွက် Proven Properties Co., Ltd. မှ မြေ နှင့် အဆောက်အဦ ငှားရမ်းခြင်းကိစ္စအား Polyworld Sdn Bhd အနေဖြင့် မူအားဖြင့် သဘောတူညီခဲ့ခြင်းကို ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် တင်ပြရန် ကိစ္စ။

(၄) Proven Polyworld Co., Ltd. ၏ ထပ်မံ ရင်းနှီးမြှုပ်နှံမည့်ကိစ္စနှင့် စပ်လျဉ်းသည့် MIC Permit အသစ် လျှောက်ထားခြင်းကိစ္စအား သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးတိုင်ပင်ရန်ကိစ္စ။

(၅) တောင်ကြီးမြေကွက်ပေါ်တွင် တစ်ထပ် အဆောက်အဦ (၂)လုံး တည်ဆောက်ခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မန္တလေးမြေကွက်ပေါ်တွင် (၆)ထပ် အဆောက်အဦ ဆောက်လုပ်ရန် ပုံစံရေးဆွဲခြင်း၊ အဆောက်အဦ ပုံစံ တင်ပြခြင်းနှင့် တည်ဆောက်ခွင့်ပြုချက်ရရှိရေး ဆောင်ရွက်ရန်ကိစ္စ။

(၆) CEO ဦးသန်းထိုက်လွင်က မူကြမ်း တင်ပြသည့် Proven Group ၏ Vision အား မှတ်တမ်းတင်ထားခြင်းကိစ္စ။

(၇) Proven Group of Companies Ltd. ၏ Succession Planning ကို စနစ်တကျဖြစ်စေရန် အကြံပေးပုဂ္ဂိုလ် ဦးအောင်ညွန့်က လမ်းညွှန်ချက်ချပေးရန်။ လုပ်သက် နှစ်(၂၀) နှင့်အထက် ဝန်ထမ်းများအား Executive Director အဖြစ် နောင်တွင် ခန့်အပ်နိုင်ရေး Management Attached ပြုလုပ်သွားရန်နှင့် ဒါရိုက်တာများ၏ မျိုးဆက်များ အနေဖြင့် လုပ်ငန်းတွင် ပါဝင်လာနိုင်စေရေး ဆွေးနွေးဆောင်ရွက်ရန်ကိစ္စ။

(၈) Progressive Venture Global Pte Ltd ၏ AGM ကျင်းပရန် ဒါရိုက်တာအဖွဲ့ ဆုံးဖြတ်ချက် (BOD Resolution) ရေးသားရန်ကိစ္စ။

(၉) Proven Properties Co., Ltd. အနေဖြင့် Asset များ ဝယ်ယူခြင်းအတွက် Paid up Capital တိုးမြှင့်မည့်ကိစ္စအား ကော်မတီဝင်အနေဖြင့် ထောက်ခံတင်ပြကာ ဒါရိုက်တာအဖွဲ့ အစည်း အဝေး တွင် ဆုံးဖြတ်ချက်ရယူ သွားရန်ကိစ္စ။

(၁၀) UAE တွင် ဖွင့်လှစ်ထားသည့် Global & Asia Link FZCO ပိတ်သိမ်းခြင်းကို ကော်မတီဝင်အနေဖြင့် ထောက်ခံ တင်ပြကာ ဒါရိုက်တာအဖွဲ့ အစည်းအဝေးတွင် ဆုံးဖြတ်ချက်ရယူသွားရန်ကိစ္စ။

(၁၁) မြောင်းတကာစက်မှုဇုန်ရှိ (၆.၈) ဧကရှိမြေကွက်အား သဲဖို့ခြင်း၊ ခြံစည်းရိုးခတ်ခြင်း ကိစ္စရပ်များကို ဆောင်ရွက်သွားရန် ကိစ္စ။

(၁၂) City Loft West တွင် ဝယ်ယူထားသည့် (၁.၁၅) ဧကကို Retaining Wall ရိုက်ခြင်းအတွက် FMI Riverside Development Ltd. နှင့် ဆက်လက်ဆောင်ရွက်ရန်နှင့် အဆောက်အဦ Architecture နှင့် Structure Design ဆွဲခြင်းအတွက် သီးခြားအဖွဲ့များနှင့် ဆွေးနွေးကာ သင့်တော်သောအဖွဲ့ ရွေးချယ်၍ ပြန်လည်တင်ပြရန်ကိစ္စ။

၂.၄.၄ စီးပွားရေး စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကော်မတီ (Business Continuity Committee)

စီးပွားရေး စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည်-

ဖြန့်ဖြူးရေး ကဏ္ဍ	ထုတ်လုပ်ရေး (စက်ရုံ)
၁။ အုပ်ချုပ်မှုဒါရိုက်တာ	၁။ အုပ်ချုပ်မှုဒါရိုက်တာ
၂။ ဒါရိုက်တာ (စီမံနှင့် ငွေစာရင်း)	၂။ ဒါရိုက်တာ (စီမံနှင့် ငွေစာရင်း)
၃။ လုပ်ငန်းဆောင်ရွက်မှု အရာရှိချုပ် (COO)	၃။ ဒါရိုက်တာ (ထုတ်လုပ်ရေး)
၄။ မန်နေဂျာ (စီမံ)	၄။ စက်ရုံမန်နေဂျာ
၅။ မန်နေဂျာ (လူ့စွမ်းအားအရင်းအမြစ်)	၅။ မန်နေဂျာ (စီမံ)
၆။ မန်နေဂျာ (အရောင်း)	၆။ မန်နေဂျာ (လူ့စွမ်းအားအရင်းအမြစ်)
၇။ မန်နေဂျာ (ငွေစာရင်း)	၇။ မန်နေဂျာ (ထုတ်လုပ်ရေး)
၈။ စီမံခန့်ခွဲမှုကိုယ်စားလှယ်	၈။ စာရင်းကိုင်
	၉။ စီမံခန့်ခွဲမှုကိုယ်စားလှယ်

စီးပွားရေး စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကော်မတီသည် အောက်ပါတာဝန်များကို ဆောင်ရွက်ခဲ့ပါသည် -

(၁) ရေးဆွဲထားခဲ့သည့် စီးပွားရေးစဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးဆိုင်ရာစီမံချက် (Business Continuity Plan- BCP) များအား ၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများနှင့် ကိုက်ညီစေရန် ပြန်လည် ပြင်ဆင် ရေးဆွဲခြင်း၊

အခန်း (၃)

Corporate Social Responsibility

PROVEN GROUP OF COMPANIES

ကော်ပိုရိတ် လူမှုတာဝန်

ကော်ပိုရိတ်လူမှုတာဝန် (Corporate Social Responsibility - CSR) ဆိုသည်မှာ စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် ၎င်း၏ စီးပွားရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကြောင့် ပေါ်ထွက်လာသည့် အကြောင်းအခြင်းအရာများသည် လူ့အဖွဲ့အစည်းနှင့် သဘာဝ ပတ်ဝန်းကျင်အပေါ် ဖြစ်ပေါ်စေသည့် အကျိုးသက်ရောက်မှုများနှင့် စပ်လျဉ်းပြီး တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးခြင်းဟု ယေဘုယျ သတ်မှတ် ဖွင့်ဆိုကြပါသည်။

၎င်းကော်ပိုရိတ်လူမှုတာဝန် အယူအဆအား မကြာခဏဆိုသလို လှူဒါန်းမှု (philanthropy) နှင့် အဓိပ္ပာယ်ရောထွေး ထင်မြင် တတ်ကြ ပါသည်။ သို့ရာတွင် ကော်ပိုရိတ်လူမှုတာဝန်သည် လှူဒါန်းမှု ဆိုသည့် ဘောင်ထက်များစွာ ကျယ်ပြန့်ပြီး လုပ်ငန်းများအနေဖြင့် မဖြစ်မနေချမှတ် ဆောင်ရွက်ကြသည့် အဓိက မဟာဗျူဟာများထဲမှ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်နေတတ်ပါသည်။

နိုင်ငံတကာတွင် ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းများသည် ကော်ပိုရိတ်လူမှုတာဝန်ဆိုင်ရာ လုပ်ငန်းများကို လူမှုအသိုင်း အဝိုင်းအတွက် သာမက၊ မိမိတို့ စီးပွားရေး လုပ်ငန်းများ၏ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းကိုပါ မြှင့်တင်ပေးနိုင်သည့် အရေးကြီး မဟာဗျူဟာတစ်ရပ် အဖြစ်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နေသည်အား တွေ့ရှိနေရပါသည်။

၃.၁ Proven Group of Companies ၏ ကော်ပိုရိတ်လူမှုတာဝန် (CSR)

Proven Group of Companies အနေဖြင့်လည်း ကော်ပိုရိတ်လူမှုတာဝန် (CSR)များနှင့် စပ်လျဉ်း၍ အရေးကြီး မဟာဗျူဟာတစ်ရပ် အဖြစ်သတ်မှတ်ထားပြီး ကုမ္ပဏီအဖွဲ့အစု၏ ကော်ပိုရိတ်လူမှုတာဝန် မူဝါဒနှင့် လုပ်ငန်းတာဝန်များကို ဆွေးနွေး ဆုံးဖြတ်ချမှတ်ပေးသည့် မူဝါဒ ရေးရာ ဦးဆောင်ကော်မတီ (Steering Committee) နှင့် ချမှတ်ထားသည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ပေးသည့် သက်ဆိုင်ရာ ကုမ္ပဏီများအလိုက် လုပ်ငန်းဆောင်ရွက်မှုအဖွဲ့ (Task Force)များ ဆိုသည့် အဆင့် (၂)ဆင့် ဆောင်ရွက်သည့် နည်းလမ်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါသည်။

Proven Group of Companies ၏ ကော်ပိုရိတ်လူမှုတာဝန် (CSR)များ အဖြစ် လုပ်ငန်းအသီးသီးမှရရှိသော အကျိုးအမြတ်များကို ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ကဏ္ဍများတွင် အမှန်တကယ် လိုအပ်နေသော လူမှုအကျိုးပြုလုပ်ငန်းများအတွက် စနစ်တကျ အသုံးပြုလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကုမ္ပဏီဝန်ထမ်းများ၏ သားသမီးများ အပါအဝင်၊ လိုအပ်ချက်ရှိသူ အားလုံး အတွက် ကာလတို၊ ကာလရှည် လုပ်ဆောင်ချက်များ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၃.၂ ကော်ပိုရိတ် လူမှုတာဝန် လုပ်ငန်းများ

Proven Group of Companies အနေဖြင့် ၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါ ကော်ပိုရိတ် လူမှုတာဝန်များ ဆောင်ရွက်ခဲ့ပါသည် -

(က) ဆေးရုံသုံး ပစ္စည်းများ လှူဒါန်းခြင်း

၂၀၂၅ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့တွင် ရန်ကုန်တိုင်း ဒေသကြီး၊ မော်ဘီမြို့နယ်၊ မြောင်းတကာ တိုက်နယ် ဆေးရုံသို့ ကျပ်သိန်း (၆၀)ကျော်တန်ဖိုးရှိ ဆေးရုံသုံး ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ပါသည်။

(ခ) ကမ္ဘာ့ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အထိမ်းအမှတ် အခမ်းအနား ကျင်းပခြင်း

ကမ္ဘာ့ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် ၂၀၂၅ ခုနှစ်၊ ဧပြီလ (၂၄)ရက်နေ့တွင် Proven Group of Companies အနေဖြင့် ကမ္ဘာ့ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး နှင့် ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားအား ကျင်းပခဲ့ပါသည်။

(ဂ) အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အထိမ်းအမှတ် အာဟာရဒါနလှူဒါန်းခြင်း

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အထိမ်းအမှတ်အဖြစ် ၂၀၂၅ ခုနှစ်၊ မေလ (၁)ရက်နေ့တွင် Proven Group of Companies နှင့် ညီနောင် ကုမ္ပဏီများ ဖြစ်သည့် Proven Technology Industry Co., Ltd နှင့် Proven PolyWorld Co., Ltd၊ တို့ ပူးပေါင်း၍ အလုပ်သမား ဆေးရုံကြီးနှင့် ရန်ကုန် အထူးကုဆေးရုံကြီး (ကုတင်-၅၀၀) တို့တွင် ဆေးတက်ရောက် ကုသမှု ခံယူနေသူများနှင့် အလုပ်သမားများအား အာဟာရဒါန လှူဒါန်းခဲ့ပါသည်။

(ဃ) ရေဘေး ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်းခြင်း

၂၀၂၅ ခုနှစ်၊ မေလ (၂၉)ရက်နေ့တွင် ဒေသအတွင်း ရေကြီးရေလျှံဖြစ်စဉ်များအတွက် ကူညီထောက်ပံ့ရန် အသက်ကယ်လှေတစ်စီး၊ အသက်ကယ် အင်္ကျီ (၆)ထည်တို့အား ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ သံမဏိသံရည်ကျို စက်မှုဇုန်၊ မီးသတ်ဦးစီးဌာနသို့ ပေးအပ် လှူဒါန်းခဲ့ပါသည်။

(င) ကမ္ဘာ့ ပတ်ဝန်းကျင်နေ့ (World Environment Day) အထိမ်းအမှတ် ကျင်းပခြင်း

၂၀၂၅ ခုနှစ်၊ ဇွန်လ (၅)ရက်နေ့တွင် ကမ္ဘာ့ ပတ်ဝန်းကျင်နေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးခြင်း အခမ်းအနားအား ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမက (၈) မူလွန်ကျောင်း တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

(စ) ဝန်ထမ်း သား/သမီးများအား ပညာရေးဆိုင်ရာ ထောက်ပံ့ခြင်း

၂၀၂၅ ခုနှစ်၊ ဇွန်လ (၂၈)ရက်နေ့တွင် Proven Group of Companies နှင့် ညီနောင် ကုမ္ပဏီများ ဖြစ်သည့် Proven Distribution Co., Ltd ၊ Proven Technology Industry Co., Ltd ၊ Proven PolyWorld Co., Ltd ၊ Proven Intrantional Co., Ltd တို့မှ ဝန်ထမ်းများ၏ ပညာသင်ယူနေဆဲ ကျောင်းသား/သူ သား/သမီး (၂၄၉)ဦးအား ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ ပေးအပ်ခဲ့ပါသည်။

(ဆ) လှူမှု အကျိုးပြု အဖွဲ့အစည်းများအား လှူဒါန်းခြင်း

Proven Group of Companies Limited သည် ညီနောင်ကုမ္ပဏီများဖြစ်သည့် Proven Distribution Co., Ltd. နှင့် Proven International Co., Ltd. တို့နှင့် ပူးပေါင်း၍ ပြည်မြို့နှင့် နေပြည်တော်ရှိ လူမှုအကျိုးပြုအသင်းအဖွဲ့များ၏ ကူညီကယ်ဆယ်ရေးနှင့် သာရေးနာရေးလုပ်ငန်းများတွင် အသုံးပြုနေသော မော်တော်ယာဉ်များအတွက် လိုအပ်သည့် TOYO Battery များ၊ STATES အင်ဂျင်ဝိုင် နှင့် စက်ဆီချောဆီများကို ပေးအပ်လှူဒါန်းခဲ့ပါသည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်ရှိ ခေတ္တရာလူငယ်များ သာရေးနာရေးကူညီပံ့ပိုးမှုအသင်း ၏ ရုံး၌ ပရဟိတပါရမီ Myanmar Rescue၊ ခေတ္တရာလူငယ်များ သာရေးနာရေးကူညီပံ့ပိုးမှုအသင်းနှင့် ဂရုဏာသိဒ္ဓိလူမှုရေး အသင်းတို့အား လိုအပ်သည့် မော်တော်ယာဉ်သုံးပစ္စည်းများ လှူဒါန်းပေးအပ်ခဲ့ပါသည်။

ထို့အတူ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် နေပြည်တော်၊ ပျဉ်းမနားမြို့ရှိ ထေရဝါဒဓမ္မပြန့်ပွားရေးနှင့် နာရေးကူညီမှု အကျိုးဆောင် လူငယ်များအသင်း၊ ဒိုလယ်ဝေးပရဟိတအသင်းနှင့် မိုးစေတနာပရဟိတအသင်းတို့အားလည်း မော်တော်ယာဉ်သုံး ပစ္စည်းများ ဆက်လက်လှူဒါန်းပေးအပ်ခဲ့ပါသည်။

အဆိုပါလှူဒါန်းမှုနှစ်ရပ်တွင် ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိသော စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၉၀ နှင့်ညီမျှသည့် TOYO Battery များ၊ STATES အင်ဂျင်ဝိုင်နှင့် စက်ဆီချောဆီများ ပါဝင်ခဲ့ပါသည်။

ဤလှူဒါန်းမှုများမှတစ်ဆင့် လူမှုအကျိုးပြုအသင်းအဖွဲ့များ၏ ကူညီကယ်ဆယ်ရေးနှင့် လူမှုစောင့်ရှောက်ရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်ခဲ့ပြီး Proven Group of Companies Limited ၏ လူမှုအသိုက်အဝန်းအပေါ်ထားရှိသည့် တာဝန်ယူမှု နှင့် ရေရှည်ကတိကဝတ်ကိုလည်း ထင်ဟပ်စေခဲ့ပါသည်။"

(ဇ) အပြည်ပြည်ဆိုင်ရာ ခဲ အဆိပ်သင့်မှု ကာကွယ်ရေး ရက်သတ္တပတ် အထိမ်းအမှတ် လှုပ်ရှားမှု

၂၀၂၅ ခုနှစ်၊ ဖွန်လ (၂၈)ရက်နေ့တွင် Proven Group of Companies နှင့် ညီနောင် ကုမ္ပဏီများ ဖြစ်သည့် Proven Distribution Co., Ltd ၊ Proven Technology Industry Co., Ltd ၊ Proven PolyWorld Co., Ltd ၊ Proven Intrantional Co., Ltd တို့မှ ဝန်ထမ်းများ၏ ပညာသင်ယူနေဆဲ ကျောင်းသား/သူ သား/သမီး (၂၄၉)ဦးအား ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ ပေးအပ်ခဲ့ပါသည်။

(ဈ) စုပေါင်း သွေးလှူဒါန်းခြင်း

"Proven Group of Companies Ltd. နှင့် ညီနောင်ကုမ္ပဏီတွေဟာ ကော်ပိုရိတ်လူမှုရေးတာဝန်ယူမှု (CSR) ဆိုင်ရာ လုပ်ငန်းများကို နှစ်စဉ်အစီအစဉ်များရေးဆွဲကာ ဆောင်ရွက်လျက်ရှိသည့်အနက် သွေးလှူဒါန်းခြင်းမှာလည်း ကျန်းမာရေးဆိုင်ရာ အထောက်အပံ့ ကဏ္ဍတစ်ရပ်အနေဖြင့်ဆောင်ရွက်ခဲ့သည်မှာ ယခုနှစ်သည် (၅)ကြိမ်မြောက် ကျင်းပနိုင်ခဲ့ပြီ ဖြစ်ပါသည်။

"အသက်တွေကယ်ဖို့ သွေးလှူစို့ - LIFE UP! DONATE BLOOD" ဟူသော ဆောင်ပုဒ်နှင့်အညီ ၂၀၂၆ ခုနှစ်၊ မတ်လ (၁၄)ရက်နေ့တွင် အမျိုးသားသွေးလှူဘဏ်(ရန်ကုန်မြို့) နှင့် အထွေထွေရောဂါကု ဆေးရုံကြီး (မန္တလေးမြို့) တို့၌ သန့်စင်သော သွေးအိတ်ပေါင်း (၁၀၀) ကျော် လှူဒါန်းခဲ့ကြပါသည်။ ထို့ပြင် Proven Group ၏ မိသားစုဝင်များအနက်မှ (၁၀)ကြိမ်နှင့်အထက် သွေးလှူထားသည့် ဝန်ထမ်းများအနက်မှ အများဆုံး ဝန်ထမ်း(၃)ဦးကိုလည်း အမှတ်တရလက်ဆောင်ပေးအပ်ခဲ့ကြပါသည်။ ပူးပေါင်းပါဝင်အားဖြည့်ပေးကြသည့် Customer ကြီးများနှင့်တကွ သွေးလှူဒါန်းပေးကြပါသော Proven Group of Companies Ltd. နှင့် ညီနောင် ကုမ္ပဏီအသီးသီးမှ အဖွဲ့ဝင်လူကြီးမင်းများနှင့် ဝန်ထမ်းများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။"

အခန်း (၄)

Sustainability

PROVEN GROUP OF COMPANIES

ရေရှည်တည်တံ့ခိုင်မြဲမှု

၄.၁ Proven Group of Companies၏ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ မဟာဗျူဟာ

Proven Group of Companies သည် ခဲ-အက်စစ် ဘက်ထရီများ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ အသုံးပြုပြီး ဘက်ထရီများမှ ခဲများအား ပြန်လည်သန့်စင်ခြင်း၊ ပလတ်စတစ် Injection နှင့် Blow Moulding ဆိုင်ရာလုပ်ငန်း၊ ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာလုပ်ငန်း၊ မော်တော်ယာဉ် အပိုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်း ဖြန့်ဖြူးခြင်း၊ မြေယာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို လုပ်ကိုင်နေသည့် ကုမ္ပဏီ အဖွဲ့စု တစ်ရပ်ဖြစ်ခြင်းကြောင့် အဆိုပါ လုပ်ငန်းများနှင့် ကိုက်ညီသည့် အောက်ပါ ရေရှည်တည်တံ့ရေးဆိုင်ရာ မဟာဗျူဟာ (၅)ရပ်ကို ချမှတ် ထားပြီး သက်ဆိုင်သည့် လုပ်ငန်းအစီအစဉ်များ (Work Plans) ဖော်ထုတ်သတ်မှတ်ကာ လုပ်ငန်းတာဝန်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည် -

(၁) သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှု (Environmental Stewardship)

(၂) တာဝန်ယူမှုရှိသည့် ထောက်ပံ့ဖြည့်ဆည်းရေး (Responsible Supply Chain)

(၃) လူမှုအဖွဲ့စည်းဆိုင်ရာ ထိတွေ့မှု (Community Engagement)

(၄) ဆန်းသစ်မှုနှင့် စဉ်ဆက်မပြတ် တိုးတက်ဖြစ်ထွန်းမှု (Innovation and Continuous Improvement)

(၅) ပွင့်လင်းမြင်သာရှိမှုနှင့် တာဝန်ယူမှုတာဝန်ခံမှု (Transparency and Accountability)

၄.၂ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ (Environment)

Proven Group of Companies သည် ဘက်ထရီထုတ်လုပ်ခြင်း၊ အသုံးပြုပြီး ဘက်ထရီများမှ ခဲများအား ပြန်လည် သန့်စင်ခြင်းစ သည့်လက်ရှိ စီးပွားရေးလုပ်ငန်းများကြောင့် အောက်ပါအဓိကအကြောင်းအရာများဖြင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်သည်ဟု သတ်မှတ်ထားပါသည် -

(က) ဖန်လုံအိမ် ဓါတ်ငွေ့ (Green House Gas) ထုတ်လွှတ်မှု

(ခ) စွမ်းအင် သုံးစွဲမှု

(ဂ) စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့် ဓါတု ပစ္စည်းများ ယိုဖိတ်မှု

၄.၂.၁ ဖန်လုံအိမ် ဓါတ်ငွေ့(Green House Gas) ထုတ်လွှတ်မှု

Proven Group of Companies ၏ ဘက်ထရီထုတ်လုပ်ခြင်း၊ အသုံးပြုပြီးသည့် ခဲများအား ပြန်လည် သန့်စင်ခြင်း လုပ်ငန်းများ အပါအဝင် စီးပွားရေးလုပ်ငန်းများကြောင့်ထွက်ရှိလာသည့် ဖန်လုံအိမ် ဓါတ်ငွေ့ထုတ်လွှတ်မှုအား ၂၀၁၂ ခုနှစ် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ ပြဋ္ဌာန်းချက်ပါ စံသတ်မှတ်ချက်များ နှင့် ကိုက်ညီအောင် လုပ်ငန်းခွင်တိုင်းက အလေးထား ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ဧပြီလ မှ ၂၀၂၆ မတ်လ အထိ Proven Group of Companies တစ်ခုလုံးအနေဖြင့် စုစုပေါင်းဖန်လုံအိမ် ဓါတ်ငွေ့ ထုတ်လွှတ်မှုမှာ အောက်ပါ အတိုင်း ဖြစ်ပြီး သက်ဆိုင်ရာ လုပ်ငန်းခွင်များ၏ လက်ရှိထုတ်လွှတ်မှု အနေအထားအရ သဘာဝပတ်ဝန်းကျင်ပေါ် သိသာ ထင်ရှားစေသည့် ထိခိုက်သက်ရောက်မှု (Significant Impact) မရှိကြောင်း တွေ့ရှိရပါသည် -

11,951 Tons CO2 Eq[1]

[1]ဖော်ပြထားသည့်ပမာဏသည် ဤအစီရင်ခံစာပါ အခန်း ၁.၂ လုပ်ငန်းအဝန်းအဝိုင်းတွင်ဖော်ပြထားသည့်ကုမ္ပဏီအများအနက် Proven Distribution Co., Ltd ၊ Proven Technology Industry Co., Ltd ၊ Proven Polyworld Co., Ltd ၊ Proven International Co., Ltd နှင့် Yangaon Metal Indsutry Co., Ltd တို့မှ ထွက်ရှိသည့် CO2 များအား စုစုပေါင်းဖော်ပြထားသည့် ပမဏာဖြစ်ပြီးသက်ဆိုင်ရာ စက်ရုံ၊အလုပ်ရုံများ၊ ကုမ္ပဏီများ၊ လုပ်ငန်းတစ်ခုခြင်းစီအလိုက် CO2 ထုတ်လွှတ်မှုပမာဏအား Proven Group of Companies ၏ အင်တာနက် စာမျက်နှာ https://proven.com.mm/sustainability/sustainability-report/ တွင် ဝင်ရောက် ကြည့် ရှုပေးပါရန်။

၄.၂.၂ စွမ်းအင် သုံးစွဲမှု

Proven Group of Companies ၏ လုပ်ငန်းခွင်တိုင်းက စွမ်းအင်သုံးစွဲမှုအပေါ် အလေးထား ဆောင်ရွက်လျက်ပြီး ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်သုံး လျှပ်စစ်ထုတ်ယူမှုကိုလည်း သုံးစွဲလုပ်ဆောင်နေခြင်းကြောင့် ၂၀၂၅ ဧပြီလ မှ ၂၀၂၆ မတ်လအထိ Proven Group of Companies တစ်ခုလုံးအနေဖြင့် စုစုပေါင်း စွမ်းအင်သုံးစွဲမှု မှာအောက်ပါအတိုင်းဖြစ်ပြီး သက်ဆိုင်ရာ လုပ်ငန်းခွင်များ၏ လက်ရှိ စွမ်းအင်သုံးစွဲမှု အနေအထားအရ သဘာဝပတ်ဝန်းကျင်ပေါ် သိသာထင်ရှားစေသည့် ထိခိုက်သက်ရောက်မှု (Significant Impact) မရှိကြောင်း တွေ့ရှိရပါသည် -

41,920,464 kWh[2]

[2]ဖော်ပြထားသည့်ပမာဏသည် ဤအစီရင်ခံစာပါ အခန်း ၁.၂ လုပ်ငန်းအဝန်းအဝိုင်းတွင်ဖော်ပြထားသည့်ကုမ္ပဏီအများအနက် Proven Distribution Co., Ltd ၊ Proven Technology Industry Co., Ltd ၊ Proven Polyworld Co., Ltd ၊ Proven International Co., Ltd နှင့် Yangon Metal Indsutry Co., Ltd တို့က သုံးစွဲခဲ့သည့် စွမ်းအင်များအား စုစုပေါင်းဖော်ပြထားသည့် ပမဏာဖြစ်ပြီး သက်ဆိုင်ရာ စက်ရုံ၊အလုပ်ရုံများ၊ ကုမ္ပဏီများ၊ လုပ်ငန်းတစ်ခုခြင်းစီ အလိုက် သုံးစွဲခဲ့သည့် စွမ်းအင်ပမာဏအား Proven Group of Companies ၏ အင်တာနက် စာမျက်နှာ https://proven.com.mm/sustainability/sustainability-report/ တွင် ဝင်ရောက် ကြည့် ရှုပေးပါရန်။

၄.၂.၃ စွန့်ပစ် ပစ္စည်း စီမံခန့်ခွဲမှုနှင့် ဓါတု ပစ္စည်းများ ယိုဖိတ်မှု

Proven Group of Companies အနေဖြင့် ထုတ်လုပ်မှုနှင့် ပြုလုပ်မှု လုပ်ငန်းစဉ်မှ ထွက်ရှိလာသည့် အောက်ပါ စွန့်ထွက်ပစ္စည်းများ အပေါ် Group of Companies ကလက်ရှိကျင့်သုံးလျက်ရှိသည့် ISO-14001 အပါအဝင် တည်ဆဲ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ ပြဌာန်းချက်များ၊ အမိန့်ညွှန်ကြားချက်များ နှင့်အညီ စီမံခန့်ခွဲ ဆောင်ရွက်နေပါသည် -

(က) ခဲ ၊ အက်စစ် အပါအဝင် အန္တရာယ်ရှိသည့် စွန့်ပစ်ပစ္စည်း (Hazardous Waste inclduing Lead and Acid Waste)

(ခ) စက္ကူ စွန့်ပစ်ပစ္စည်း (Paper Waste)

(ဂ) ပလတ်စတစ် စွန့်ထွက်ပစ္စည်းများ (Plasitc Wastes)

(ဃ) အခြား စွန့်ထွက်ပစ္စည်းများ (Other Wastes)

Proven Group of Companies အနေဖြင့် ဓါတုပစ္စည်းများ ယိုဖိတ်မှုများကြောင့် သဘာဝ ပတ်ဝန်းကျင်အပေါ် ထိခိုက် သက်ရောက်မှု မဖြစ်စေရေး အလေးထားဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ဧပြီလ မှ ၂၀၂၆ မတ်လ အထိ ဓါတုပစ္စည်းများ အသေးစား ယိုဖိတ်မှု ဖြစ်စဉ်[3] (၃) ကြိမ် ဖြစ်ပွားခဲ့ပြီး လိုအပ်သည့် ပြင်ဆင်ဆောင်ရွက်ရမည့်များကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

[3] ၂၀၁၅ခုနှစ် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ စံသတ်မှတ်ချက်ပါ သတ်မှတ်ချက်အတိုင်း သတ်မှတ်ပါသည်။

၄.၂.၄ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင် လေထု အရည်အသွေးနှင့် စွန့်ထွက်ရေ စီမံခန့်ခွဲမှု

Proven Group of Companies၏ ဘက်ထရီထုတ်လုပ်ငန်းခွင်များ၊ ခဲပြန်လည် သန့်စင်ခြင်း လုပ်ငန်းခွင်များတွင် ပြုလုပ်မှု လုပ်ငန်းစဉ်များကြောင့် အလုပ်သမားများ၏ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ထိခိုက်မှု မရှိအောင် လုပ်ငန်းခွင် အတွင်း လေထုအရည်အသွေးအား လည်ကောင်း ၊ အဆိုပါ ပြုလုပ်မှု လုပ်ငန်းစဉ်များကြောင့် ထွက်ရှိလာသည့် သက်ရောက်မှုများကြောင့် သဘာဝပတ်ဝန်းကျင် လေထုအရည်အသွေးအား ၂၀၁၅ ခုနှစ် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ စံသတ်မှတ်ချက်များနှင့် ကိုက်ညီစေရန် လုပ်ဆောင်ထားပါသည်။

ထို့နည်းတူ ထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်လျှောက် နှင့် အခြားနည်းလမ်းများဖြင့် အသုံးပြုသည့်ရေများအား တည်ဆဲ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ဥပဒေများအရ ထုတ်ပြန်ထားသည့် ရေထုအရည်အသွေး သတ်မှတ်ချက်များ အတိုင်းရရှိအောင် ပြန်လည် သန့်စင်စေသည့် စနစ် တစ်ရပ်ဖြင့် ပြန်လည် သန့်စင်ပြီးရရှိလာသည့် ရေများအား လုပ်ငန်းခွင်အတွင်း နှင့် အပင်များလောင်းခြင်းတွင် ပြန်လည်အသုံးပြုပါသည်။

၄.၂.၅ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ (Environment) ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် နှင့် ရည်မှန်းချက်များနှင့် ဆောင်ရွက်ထားမှု အခြေအနေ

	ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် နှင့် ရည်မှန်းချက်များ
Proven Group of Companies ၏စက်ရုံများတွင် ပြုလုပ်မှု လုပ်ငန်းစဉ်မှ ထွက်ရှိလာသည့် ရေများအား ရေဆိုးသန့်စင်စနစ်ဖြင့် သန့်ရှင်းအောင် ဆောင်ရွက်ခြင်း၊ လုပ်ငန်းသုံး ဓါတုပစ္စည်းများကြောင့် ရေ ၊ လေထု နှင့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရေး ဆောင်ရွက်ချက်များဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် အမှတ်(၆) ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ပါသည်။	6.3

	ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် နှင့် ရည်မှန်းချက်များ
Proven Group of Companies သည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုရှိသည့် လုပ်ငန်းစုတစ်ရပ်ဖြစ်ရန်၊ ရင်းမြစ်များ ထိရောက်စွာ အသုံးချမှု (Resource Efficiency) လုပ်ငန်းခွင်များ ဖြစ်နေ စေရန် မူဝါဒများ ဆောင်ရွက်ပေးခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ်(၉)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီ အောင် ဆောင်ရွက်ခဲ့ ပါသည်။	9.2 9.4

	ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် နှင့် ရည်မှန်းချက်များ
Proven Group of Companies နှစ်စဉ် ပြောင်းလဲ နေသည့် စားသုံးသူဆိုင်ရာနှုန်းထားနှင့် ကိုက်ညီအောင် လုပ်ခလစာများအား ပြင်ဆင်သတ်မှတ်ပေးခြင်း၊ ဝင်ငွေရရှိမှုခိုင်မာအောင် ဆောင်ရွက်ပေးခြင်း၊ ဝန်ထမ်းများအနေဖြင့် ဘေးကင်းလုံခြုံပြီး ကျန်းမာသန့်ရှင်းစွာ နေထိုင်သည့် နှုန်းထားသင့်တော်သော အိုးအိမ်ဝယ်ယူနိုင်ရေး အတိုးမပါသည့်ချေးငွေများ သတ်မှတ်ဆောင်ရွက်ပေးခြင်း၊ အခြားအကြောင်းများကြောင့် ဖြစ်ပေါ်သည့် ငွေကြေးပိုင်း ဆိုင်ရာ အကြပ်အတည်းများကို အတိုးမဲ့လစဉ်အရစ်အကျဖြင့် ပေးဆပ်နိုင်သည့် ချေးငွေများ ရယူနိုင်စေရန် ဆောင်ရွက်ထားပေးခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ်(၁၁)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ပါသည်။	11.1 11.5

12 RESPONSIBLE CONSUMPTION AND PRODUCTION	ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် နှင့် ရည်မှန်းချက်များ
Proven Group of Companies တွင် ပါဝင်သည့် စက်ရုံများ၊ လုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု ISO 14001 ရယူထားပြီး မိမိတို့၏ ထုတ်လုပ်မှု လုပ်ငန်းစဉ်ကြောင့်လည်းကောင်း၊ အသုံးပြုသည့် ဓါတုပစ္စည်းများကြောင့် လည်းကောင်း သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် ထိရောက်ကောင်းမွန်သည့် သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု စနစ်တစ်ရပ်ထူထောင်ထားပြီးဆောင်ရွက်နေခြင်း၊ စွန့်ထွက် ပစ္စည်းများ လျော့ကျအောင် ရည်မှန်းချမှတ် လုပ်ဆောင်ခြင်း၊ GROUP OF COMPAINES လုပ်ငန်းစဉ်အတွက် ဝယ်ယူမှုများအား သဘာပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရေး နှင့် ရင်းမြစ်ဆိုင်ရာ ထိရောက်မှုရှိစေရေး လုပ်ဆောင်ပေးနေခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် အမှတ်(၁၂)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ပါသည်။	12.2 12.4 12.5 12.6 12.7

၄.၃ လူမှုရေးဆိုင်ရာ (Social)

၄.၃.၁ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး

Proven Group of Companies သည် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး စပ်လျဉ်း ပြီးနိုင်ငံတကာ စံနှုန်းဖြစ်သည့် ISO-45001 အသိမှတ်ပြု လက်မှတ်ရယူထားသည့်အပြင် တည်ဆဲ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေ၊ ၂၀၁၆ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေ၊ ၂၀၁၉ခုနှစ်၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ သတ်မှတ်ချက်များ နှင့် အညီလိုက်နာ ဆောင်ရွက်လျက်ရှိပါသည်။

အလွန်ပြင်းထန်နှင့် သေဆုံး အဆင့် လုပ်ငန်းခွင်ထိခိုက်မှုများ (Major and Fatal Accidents) မရှိစေရေး အစဉ်အလေးအနက် တစ်ခုတ်တရ ဆောင်ရွက်သည့် ကုမ္ပဏီအစုအဖွဲ့တစ်ခုဖြစ်ခြင်းကြောင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် လုပ်ငန်းခွင် အခြေအနေများအား ဖန်တီးပေးရေး၊ မြှင့်တင်ပေးနိုင်ရေး အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

(က) သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းဌာနများတွင် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ကော်မတီများ ဖွဲ့စည်းစေခြင်း၊

(ခ) အဆိုပါ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ကော်မတီများအား ဌာနမန်နေဂျာများက အလှည့်ကျ ဥက္ကဌ အဖြစ် တာဝန်ယူဆောင်ရွက်စေခြင်း၊

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ကော်မတီများသည် လစဉ် ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြီး သက်ဆိုင်ရာ လုပ်ငန်းခွင်အလိုက် ဖြစ်ပေါ်နိုင်သည့် ဖြစ်ပေါ်လာနိုင်ဘွယ်ရှိသည့် လုပ်ငန်းခွင် ဘေးအန္တရာယ်များအပေါ် ဆွေးနွေး ညှိနှိုင်း ဖြေရှင်းဆောင်ရွက်စေခြင်း၊

(ဃ) လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ကော်မတီအသီးသီးက သက်ဆိုင်ရာ လုပ်ငန်းခွင်များအား သတ်မှတ်ကာလအလိုက် စစ်ဆေးပြီး လိုက်နာ ဆောင်ရွက်ရမည့် အချက်များ ထုတ်ပြန်ပေးခြင်း၊

(င) လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်ပိုရိတ် လေ့ကျင့်သင်ကြားမှု ဆောင်ရွက်ပေးခြင်း၊

(စ) သက်ဆိုင်ရာ ကုမ္ပဏီအလိုက် လိုအပ်သည့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံ (Safety Personnel) များ ခန့်ထားကာ တာဝန်ယူဆောင်ရွက်ပေးခြင်း၊

Proven Group of Companies အတွင်း ၂၀၂၅ ခုနှစ် ဧပြီလ မှ ၂၀၂၆ ခုနှစ် မတ်လ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းခွင် ထိခိုက်မှု အောက်ပါအတိုင်း ဖြစ်ပေါ်ခဲ့ပါသည် -

(က) ရှေးဦးသူနာပြုအဆင့်	ထိခိုက်မှု	(၅)မှု
(ခ) သာမန်အဆင့်	ထိခိုက်မှု	(၆)မှု
(ဂ) ပြင်းထန်အဆင့်	ထိခိုက်မှု	(၂)မှု
(ဃ) အလွန်ပြင်းထန်အဆင့်	ထိခိုက်မှု	(-)မှု

၂၀၂၅ ခုနှစ် ဧပြီလ မှ ၂၀၂၆ ခုနှစ် မတ်လ ဘဏ္ဍာရေးနှစ်အတွက် Proven Group of Companies တွင် အလွန်ပြင်းထန် နှင့် အသက် သေဆုံးသည့်အဆင့် လုပ်ငန်းခွင်ထိခိုက်မှု ဖြစ်ပေါ်ခဲ့ခြင်းမရှိပါ။

၄.၃.၂ အလုပ်သမား အခွင့်အရေးများ

(က) အသင်းအဖွဲ့ ဖွဲ့စည်းခြင်း

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့က ချမှတ်ထားပြီး မြန်မာနိုင်ငံက အတည်ပြု လိုက်နာကျင့်သုံး ဆောင်ရွက်လျက်ရှိသည့် ပြဋ္ဌာန်းချက်များအတိုင်း Proven Group of Companies အနေဖြင့် လုပ်ငန်းခွင်များတွင် လိုက်နာ ဆောင်ရွက်လျက်ရှိပါသည်။ သို့ပါ၍ ၂၀၁၁ ခုနှစ်၊ အလုပ်သမား အဖွဲ့အစည်းများ ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာ လုပ်ငန်းခွင်များတွင် အခြေခံအလုပ်သမား အဖွဲ့အစည်းများအား လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်ခွင့် ပေးထားပါသည်။

(ခ) ကလေး အလုပ်သမား

Proven Group of Companies သည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ရရှိလျက် ကျင့်ဝတ်သိက္ခာ နှင့် ညီညွတ်သည့် ကုမ္ပဏီအဖွဲ့စု တစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်နေခြင်းကြောင့် ကျင့်ဝတ် နှင့် လျော်ညီမှု မရှိသည့် ကလေးအလုပ်သမား ခိုင်းစေခြင်းအပေါ် မည်သည့်လုပ်ငန်းခွင်တိုင်းတွင်မဆို ကလေးလုပ်သား အသုံးပြုခြင်းကို လုံးဝ တားမြစ်ထားပါသည်။

ထို့အပြင် Proven Group of Companies ၏ ထောက်ပံ့ဖြည့်ဆည်းမှု ကွင်းဆက်(Supply Chain) တစ်လျှောက်ရှိ Supplier များအား Supplier Codes of Conduct ပြဋ္ဌာန်းပေးပြီး အဆိုပါ Codes of Conduct အရ ကလေး လုပ်သား အသုံးပြုခြင်းကို တင်းကျပ်စွာတားမြစ်ထားပါသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကလေး လုပ်သား ခိုင်းစေခဲ့သည့် ဖြစ်စဉ် မရှိခဲ့ပါ။

(ဂ) အဓမ္မခိုင်းစေမှု

Proven Group of Companies အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုရရှိလျက် ကျင့်ဝတ်သိက္ခာနှင့်ညီညွတ်သည့် ကုမ္ပဏီအဖွဲ့စု တစ်ရပ်အဖြစ် ရပ်တည် ဆောင်ရွက်နေခြင်းကြောင့် ကျင့်ဝတ်နှင့်လျော်ညီမှု မရှိသည့် အဓမ္မခိုင်းစေမှုအား ကျင့်သုံးခြင်းအပေါ် လုံးဝ တားမြစ်ထားပါသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း အဓမ္မခိုင်းစေခြင်းဆိုင်ရာ ဖြစ်စဉ် မရှိခဲ့ပါ။

(ဃ) အလုပ်ချိန်၊ အချိန်ပို၊ လုပ်ခလစာ

Proven Group of Companies အနေဖြင့် တည်ဆဲ အလုပ်သမားရေးရာ ဥပဒေ ပြဋ္ဌာန်းချက်များအတိုင်း အလုပ်ချိန်၊ အချိန်ပိုလုပ်ကိုင်ခြင်းများအား တိတိကျကျ လိုက်နာဆောင်ရွက်ပါသည်။ ကုမ္ပဏီအဖွဲ့စုအဖြစ် စတင်တည်ထောင်သည့် အချိန်မှ စ၍ ယခုအချိန်ထိ အလုပ်ချိန်၊ အချိန်ပိုလုပ်ကိုင်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များအပေါ် ဖောက်ဖျက်မှုကြောင့် အရေးယူခံရသည့် ဖြစ်စဉ်မျိုး ဖြစ်ပွားခဲ့ခြင်း မရှိခဲ့ပါ။

လုပ်ခ လစာနှင့် စပ်လျဉ်းပြီး မျှတသည့် လုပ်ခလစာ (Fair Wage) ဖြစ်ရေး အစဉ်အလေးပြု ဆောင်ရွက်ထားပါသည်။ ပြောင်းလဲနေသည့် စားသုံးသူဆိုင်ရာ အညွှန်းကိန်းများအပေါ် အခြေပြု၍ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဝန်ထမ်းများ၏ လစာ တိုးမြှင့်ပေးနိုင်ခဲ့ပါသည်။

ထို့အပြင် Incentive အနေဖြင့် Annual Performance Bonus များကိုပါ သက်ဆိုင်ရာ ကုမ္ပ ဏီ အလိုက် ခံစားခွင့်ပြု ပေးနိုင်ခဲ့ပါသည်။

၄.၃.၃ လူ့စွမ်းအား ရင်းမြစ်

ထက်မြက် ကျွမ်းကျင်ပြီး စွမ်းဆောင်ရည်ပြည့်ဝသည့် လူ့စွမ်းအား အဖွဲ့အစည်းတစ်ရပ်အဖြစ် အမြဲတည်ရှိနေစေရန် ဆိုသည့် လူ့စွမ်းအားရင်းမြစ်ဆိုင်ရာ မူဝါဒနှင့်အညီ Proven Group of Companies ဝန်ထမ်းများအတွက် လေ့ကျင့်သင်ကြားပေးရေး အခြေအနေများစွာကို ဖန်တီးပေးထားပါသည်။

သို့ဖြစ်၍ ဝန်ထမ်းများအားလုံးသည် နှစ်စဉ် စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် သင်တန်းများအပါအဝင် အတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများ၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်းများ၊ ယာဉ်အန္တရာယ် ကင်းရှင်းရေး သင်တန်းများ၊ ISO၊ စီးပွားရေး ကျင့်ဝတ်များနှင့် သက်ဆိုင်သည့် သင်တန်းများအား တက်ရောက် သင်ယူခွင့် ရရှိခဲ့ကြပါသည်။

Proven Group of Companies သည် လူ့စွမ်းအား ရင်းမြစ်ဆိုင်ရာအပေါ် အောက်ပါအခြေအနေအတိုင်း ရရှိအောင် ဆောင်ရွက်ရန် ရည်မှန်းချက်ချမှတ်ထားပါသည်-

(က) အမြဲခန့်ဝန်ထမ်း အလုပ်နှုတ်ထွက်မှု နှုန်းထားအား (၁.၅%) အောက်ရှိနေစေရန်၊

(ခ) ပျက်ကွက်မှုနှုန်းထားအား (၅%) အောက်ရှိနေစေရန်၊

၂၀၂၅ ခုနှစ် ဧပြီလ မှ -၂၀၂၆ ခုနှစ် မတ်လ အထိ PROVEN GROUP OF COMPANIES ကုမ္ပဏီ အဖွဲ့စု တစ်ရပ်လုံး၏ လူစွမ်းအားရင်းမြစ်ဆိုင်ရာ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

၈၂.၄၆% အမြဲခန့်ဝန်ထမ်း	၁၁၆၉+ နာရီ လေ့ကျင့်သင်ကြားပေးခဲ့မှုများ	၂၈ +% အမျိုးသမီး ဝန်ထမ်းများ
၈.၄၃% အလုပ်နှုတ်ထွက်မှု နှုန်းထား	၁,၃၆၀+ စုစုပေါင်း ဝန်ထမ်း	၁၂.၉၅% ပျက်ကွက်မှုနှုန်းထား

၄.၃.၄ လူမှု ကာကွယ်စောင့်ရှောက်မှု (Social Protection)

Proven Group of Companies သည် လူမှုကာကွယ် စောင့်ရှောက်ပေးရေးဆိုင်ရာ ဆောင်ရွက်ချက်များအား အောက်ပါ အတိုင်း လုပ်ဆောင်ပေးနေပါသည် -

(က) ဝန်ထမ်းများအား လူမှုဖူလုံရေးစီမံကိန်းတွင် မှတ်ပုံတင်ပေးခြင်း၊

(ခ) စက်ရုံများတွင် ဆေးခန်းများ ဖွင့်လှစ်ပေးခြင်း၊

(ဂ) ကျန်းမာရေး နှစ်စဉ် စစ်ဆေးပေးခြင်း၊

(ဃ) သတ်မှတ် ဝန်ထမ်းများအား ကျန်းမာရေးအာမခံ ထားပေးခြင်း၊

(င) အတိုးမဲ့ ချေးငွေများ ထုတ်ချေးပေးခြင်း၊

(စ) နို့၊ ငှက်ပျောသီးနှင့် သန့်ရှင်းလတ်ဆတ်သော အစားအစာများ ဖြည့်စွက်စာအဖြစ် ကျွေးမွေးခြင်း၊

Proven Group of Companies သည် မည်သည့် အခွင့်အရေးဆိုင်ရာ ပြန်လည်ရရှိရန် မျှော်မှန်း လုပ်ဆောင်ချက်များ မပါရှိစေရေး မူဝါဒ ချမှတ်ပြီး အောက်ပါလူမှုရေးရာနှင့် ပရဟိတဆိုင်ရာ ဆောင်ရွက်ချက်များအား ဆောင်ရွက်ခဲ့ပါသည် -

(က) ဆေးရုံတက် လူနာများအား နေ့ခင်းစာ လှူဒါန်းခြင်း၊

(ခ) သဘာဝဘေးဒဏ်သင့်နေရာများအား လှူဒါန်းခြင်း၊

(ဂ) လိုအပ်ချက်ရှိနေသူများအား ပံ့ပိုးကူညီခြင်း၊

(ဃ) သဘာပတ်ဝန်းကျင်ထိန်းသိမ်းရေး သစ်ပင်စိုက်ပျိုးခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ဆောင်ခြင်း၊

(င) အောက်စီဂျင်လိုအပ်သူများအား အောက်စီဂျင် နှင့် အောက်စီဂျင်အိုးများ လှူဒါန်းခြင်း။

(စ) ကျောင်းသုံး ပစ္စည်းများ လှူဒါန်းခြင်း၊

Proven Group of Companies အနေဖြင့် ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေး နှစ်အတွက် ရသုံးမှန်းခြေ ငွေစာရင်း ခွင့်ပြုချက်ဖြင့် အောက်ပါအတိုင်း လူမှုရေးနှင့် ပရဟိတဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(၈၇.၄) ကျပ်သန်းပေါင်း လူမှုရေးနှင့် ပရဟိတလုပ်ငန်းများတွင် လှူဒါန်းမှု	၅၀၀၀ + အကျိုးပြုလူဦးရေ	၂၁ + လူမှုအကျိုးပြုပွဲများတွင် ပါဝင်ဆင်နွှဲမှု အရေအတွက်

၄.၃.၅ လူမှုရေး (Social) ဆိုင်ရာ ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင် နှင့် ရည်မှန်းချက်များနှင့် ဆောင်ရွက်ထားမှု အခြေအနေ

1 NO POVERTY	ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင်နှင့် ရည်မှန်းချက်များ
Proven Group of Companies ဝန်ထမ်းများအား နိုင်ငံတော်က သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ချက်အပေါ် အခြေခံပြီး နှစ်စဉ် ပြောင်းလဲနေသည့် စားသုံးသူဆိုင်ရာနှုန်းထားနှင့် ကိုက်ညီအောင် လုပ်ခလစာများ ပြင်ဆင် သတ်မှတ်ပေးခြင်း၊ အိုးအိမ် ဝယ်ယူနိုင်ရေး အတိုးမပါသည့် ချေးငွေများ သတ်မှတ်ဆောင်ရွက်ပေးခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင် အမှတ် (၁) ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ပါသည်။	1.1 1.2 1.4 1.5

3 GOOD HEALTH AND WELL-BEING	ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင်နှင့် ရည်မှန်းချက်များ
Proven Group of Companies ၏ စက်ရုံများ၊ ကုမ္ပဏီများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများအား သုံးစွဲမှု မရှိစေခြင်း၊ အရက်သောက်သုံးမှု မရှိစေခြင်း၊ GROUP OF COMPAINES ၏ ထုတ်လုပ်မှု လုပ်ငန်းစဉ်သုံး ဓါတုပစ္စည်းများကြောင့် ထိခိုက်မှုမရှိစေရေး ဆောင်ရွက်ချက်များဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် အမှတ်(၃)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ပါသည်။	3.5 3.9 3A

6 CLEAN WATER AND SANITATION	ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင်နှင့် ရည်မှန်းချက်များ
Proven Group of Companies ၏စက်ရုံများတွင် ပြုလုပ်မှု လုပ်ငန်းစဉ်မှ ထွက်ရှိ လာသည့် ရေများအား ရေဆိုးသန့်စင်စနစ်ဖြင့် သန့်ရှင်းအောင် ဆောင်ရွက်ခြင်း၊ လုပ်ငန်းသုံး ဓါတု ပစ္စည်းများကြောင့် ရေ၊လေထုနှင့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး ဆောင်ရွက်ချက်များဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ် (၆) ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ ပါသည်။	6.3

8 DECENT WORK AND ECONOMIC GROWTH	ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင်နှင့် ရည်မှန်းချက်များ
Proven Group of Companies အနေဖြင့် အဓမ္မခိုင်းစေမှုနှင့် ကလေးအလုပ်သမား ခိုင်းစေမှုအား လက်ခံကျင့်သုံးမှုမရှိခြင်း၊ Group of Companies ၏ လုပ်ငန်းခွင်များအား ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်စေရန်၊ သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များ(Decent Work) ဖြစ်စေရေးအစဉ် ဆောင်ရွက်ပေးခြင်း၊ တည်ဆဲဥပဒေပါ အလုပ်သမား အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် အမှတ်(၈)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ပါသည်။	8.5 8.6 8.7 8.8

9 INDUSTRIES, INNOVATION AND INFRASTRUCTURE	ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင်နှင့် ရည်မှန်းချက်များ
Proven Group of Companies သည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုရှိသည့် လုပ်ငန်းစုတစ်ရပ်ဖြစ်ရန်၊ Resource-use Efficiency လုပ်ငန်းခွင်များ ဖြစ်နေစေရန် မူဝါဒများ ဆောင်ရွက်ပေးခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် အမှတ်(၉)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီ အောင် ဆောင်ရွက်ခဲ့ပါသည်။	9.2 9.4

10 REDUCED INEQUALITIES	ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင်နှင့် ရည်မှန်းချက်များ
Proven Group of Companies သည် နှစ်စဉ်ပြောင်းလဲနေသည့် စားသုံးသူဆိုင်ရာ နှုန်းထားနှင့် ကိုက်ညီအောင် လုပ်ခလစာများ ပြင်ဆင်သတ်မှတ်ပေးခြင်း၊ ဝင်ငွေရရှိမှု ခိုင်မာအောင်ဆောင်ရွက်ပေးခြင်း၊ တပြေးညီလစာတိုးမြှင့်ရရှိစေအောင် ဆောင်ရွက်ပေးခြင်း၊ လူမှုဖူလုံရေးဆိုင်ရာ ထည့်ဝင်ကြေးများပေးသွင်းပေးခြင်းတို့ဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် အမှတ်(၁၀)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ပါသည်။	10.1 10.3 10.4

12 RESPONSIBLE CONSUMPTION AND PRODUCTION	ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင်နှင့် ရည်မှန်းချက်များ
Proven Group of Companies တွင် ပါဝင်သည့် စက်ရုံများ၊ လုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု ISO 14001 ရယူထားပြီး မိမိတို့၏ ထုတ်လုပ်မှု လုပ်ငန်းစဉ်ကြောင့် လည်းကောင်း၊ အသုံးပြုသည့် ဓါတုပစ္စည်းများကြောင့် လည်းကောင်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် ထိရောက်ကောင်းမွန်သည့် သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု စနစ်တစ်ရပ်ထူထောင်ထားပြီးဆောင်ရွက်နေခြင်း၊ စွန့်ထွက် ပစ္စည်းများလျော့ကျအောင် ရည်မှန်းချမှတ် လုပ်ဆောင်ခြင်း၊ Group of Companies လုပ်ငန်းစဉ်အတွက် ဝယ်ယူမှုများအား သဘာပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် ရင်းမြစ်ဆိုင်ရာထိရောက်မှုရှိစေရေး လုပ်ဆောင်ပေးနေခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်အမှတ်(၁၂)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ပါသည်။	12.2 12.4 12.5 12.6 12.7

16 PEACE, JUSTICE AND STRONG INSTITUTIONS	ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင်နှင့် ရည်မှန်းချက်များ
Proven Group of Companies ၏ ဝန်ထမ်းတိုင်းသည် လာဘ်ပေးလာဘ်ယူမှု ကျင့်သုံးမှု မရှိစေရေး Code of Conduct ဖြင့် ထိန်းကျောင်းပေးခြင်း၊ Group of Companies တစ်ခုလုံးအနေဖြင့် ကော်ပိုရိတ်စီမံခန့်ခွဲမှု ကျင့်သုံးပြီး အဆင့်တိုင်းတွင် ပွင့်လင်း မြင်သာမှုရှိစေရန်နှင့် မည်သည့်ခွဲခြားမှုမျိုးမှမရှိစေရေး လုပ်ကိုင်ဆောင်ရွက်နေခြင်း၊ စီမံခန့်ခွဲမှု အဆင့်တိုင်းတွင် ဆုံးဖြတ်လုပ်ပိုင်ခွင့်ရှိခြင်း၊ လုပ်ငန်းခွင်များတွင် အလုပ်သမား အဖွဲ့ အစည်းများအား တည်ဆဲ အလုပ်သမားရေးရာ ဥပဒေများနှင့်အညီ ဖွဲ့စည်းပေးထားခြင်းဖြင့် ကုလသမဂ္ဂ ၏ ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်အမှတ် (၁၆)ပါ ရည်မှန်းချက်များ နှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ပါသည်။	16.5 16.6 16.7 16.10 16b

၄.၄ အုပ်ချုပ်မှု (Governance)

Proven Group of Companies သည် ကျင့်ဝတ်သိက္ခာနှင့် ညီညွတ်သည့် ကုမ္ပဏီအစုအဖွဲ့တစ်ခုအဖြစ် အမြဲ ရပ်တည်နေစေရန် ဆောင်ရွက်နေခြင်းကြောင့် စီမံအုပ်ချုပ်မှုနှင့် စပ်လျဉ်းပြီး ကော်ပိုရိတ် အုပ်ချုပ်မှုအား အောက်ပါအတိုင်း ချမှတ်ကျင့်သုံးဆောင်ရွက်လျက် ရှိပြီး ကော်ပိုရိတ် အုပ်ချုပ်မှုအား အခန်း (၂)တွင် ဖော်ပြထားပါသည်-



Proven Group of Companies အနေဖြင့် ၂၀၂၅ ဧပြီလ မှ -၂၀၂၆ ခုနှစ် မတ်လ ဘဏ္ဍာရေးနှစ်အတွက် ကော်ပိုရိတ် စီမံခန့်ခွဲနှင့် စပ်လျဉ်းပြီး အောက်ပါတို့အား ဆောင်ရွက်နိုင်ခဲ့ပါသည် -

၄.၄.၁ ဆုံးရှုံးနိုင်ခြေရှိသည့်အန္တရာယ်များ စီမံခန့်ခွဲမှုနှင့် ထိန်းချုပ်မှုဆိုင်ရာ ဆောင်ရွက်မှုများ (Risk Management and Control Process)

ယေဘုယျအားဖြင့်လုပ်ငန်းများသည် မသေချာမရေရာမှုများ (Uncertainities) နှင့် ရင်ဆိုင်နေရသည်ဟု ဆိုနိုင်ပါသည်။ ဈေးကွက်အပြောင်းအလဲ၊ ထုတ်ပြန်သည့် ဥပဒေဆိုင်ရာ စည်းမျဉ်းစည်းကမ်းအသစ်များ၊ နည်းပညာဆိုင်ရာ အပြောင်းအလဲများ၊ သဘာဝဘေးအန္တရာယ်များနှင့် ငွေကြေးဈေးကွက်ဆိုင်ရာ အခြေအနေများသည် လုပ်ငန်းများ၏ဖွံ့ဖြိုးမှု၊ အရှည်တည်တံ့မှုနှင့် ရည်မှန်းချက်များကို ထိခိုက်စေနိုင်သော ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ ဖြစ်ကြပါသည်။

ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို ကြိုတင်မစီမံပါက ငွေကြေးဆုံးရှုံးမှုများ၊ ဂုဏ်သတင်းကျော်ကြားမှု ပျက်စီးမှုများ နှင့် အဆုံးစွန်ဆုံးတွင် လုပ်ငန်းလုံးဝပျက်စီးသည်အထိ ဖြစ်ပေါ်စေနိုင်သဖြင့် စီးပွားရေးလုပ်ငန်းများ အနေဖြင့် စနစ်တကျ ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို စီမံခန့်ခွဲ (Risk Management)ဆောင်ရွက်ရန် အရေးကြီးပါသည်။

၄.၄.၂ Proven Group of Companies ကုမ္ပဏီအုပ်စု၏ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ

Proven Group of Companies ကုမ္ပဏီအုပ်စုသည် လုပ်ငန်းသဘောသဘာဝအရ ထောက်ပံ့ဖြည့်ဆည်းမှု ကွင်းဆက် (Supply Chain) ပေါ်တွင် တည်မှီနေရခြင်း၊ ဥပဒေဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် မြင့်မားသော စည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်များရှိသည့် စက်မှုလုပ်ငန်းများ လုပ်ကိုင်နေခြင်း နှင့် ငွေကြေးအရင်းအနှီး အများအပြား ရင်းနှီးလုပ်ကိုင်ရသည့် လုပ်ငန်းများနှင့် လုပ်ကိုင်ဆောင်ရွက်နေခြင်း၊ စက်မှုကုန်ထုတ်လုပ်ငန်း (Manufacturing) နှင့် ကူးသန်းရောင်းဝယ်ရေး (Trading) လုပ်ငန်းများ လုပ်ကိုင်နေသည့် Group of Companies ဖြစ်၍ လုပ်ငန်းမျိုးစုံကို ဒေါင်လိုက် (Vertical Integration) နှင့် အလျားလိုက် (Horizontal Integration) နှစ်မျိုးလုံးဖြင့် ချိတ်ဆက် လုပ်ကိုင်ရခြင်း စသည့် အခြေအနေများကြောင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို စီမံခန့်ခွဲ (Risk Management)သည် အသက်သွေးကြောတစ်မျှ အရေးပါ ပါသည်။

သို့ပါ၍ Proven Group of Companies အနေဖြင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို စီမံခန့်ခွဲ (Risk Management) ဆိုင်ရာ ယန္တရားတစ်ခု ဖော်ထုတ်ပြီး ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ -၂၀၂၇ ခဘဏ္ဍာရေးနှစ်အတွင်း အောက်ပါ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ ကြုံတွေ့နိုင်ကြောင်း စိစစ်ဖော်ထုတ်ရရှိထားပြီး သက်ဆိုင်ရာထိန်းချုပ် ကာကွယ်ခြင်း နည်းလမ်းများအားလည်း ချမှတ် ဆောင်ရွက်ထားပါသည် -

Indetified Risks

Impact on the Stakeholders	Importance to the PD: Low	Medium	High
High			Supply Chain Logistic Political
Medium		Strategy Credit Market Operation Finance Product Natural Disaster	Governance and Compliance HR Energy
Low	OSH	Environment IT	

Importance to the PD

Low Medium High

Risk	Level	Description of Risk	Risk Analysis	Control Measures
Supply Chain	H,H	Impacts on distribution activities	-ရောင်းချမည့် ပစ္စည်းများ အချိန် ကိုက် ရောက်ရှိ နိုင်ရန် အခက်အခဲ၊ -သွင်းကုန် ပစ္စည်းများ အချိန် ကိုက် ရောက်ရှိ နိုင်ရန် အခက်အခဲ၊ -ကုန်ပစ္စည်းပြတ်လပ် နိုင်ခြင်း၊	(၁)PTIC ၏ ထုတ်လုပ်နိုင်စွမ်း (Production Capacity) နှင့် PD၏ ရောင်းချမည့် အရောင်းပမာဏ (Sale Volume) ကိုက်ညီနိုင်စေရေး နှစ်စဉ် ၃ လပတ်နှင့် လစဉ်ညှိနှိုင်းဆွေးနေမည့် အစီအစဉ်များ ချမှတ် ဆောင်ရွက်ခြင်း၊ ကုန်ကြမ်းရရှိမှု၊ ထုတ်လုပ်မှု၊ ရောင်းချမှု ပေါ်မူတည်ပြီး အပတ်စဉ် ညှိနှိုင်းဆွေးနွေးမည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း။ (၂) ပြည်တွင်းကုန်ပစ္စည်းများအား သက်ဆိုင်ရာ Supplier များနှင့်အနည်းဆုံး ၆ လ ကြိုတင် ညှိနှိုင်း ဆောင်ရွက်ခြင်း။ (၃)နှစ်စတွင် တစ်နှစ်စာအတွက်ရောင်းချရန် ကုန်ပစ္စည်းများအား ၃ လ ကြိုတင် PTIC ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ခြင်း၊ (၄)ကုမ္ပဏီတစ်ခုလုံးနှင့် ရုံးခွဲအသီးသီး၏ ရောင်းအားပေါ်မူတည်၍ လိုအပ်သည့် ပစ္စည်းများ အနည်းဆုံး (၂)ပတ်မှ အများဆုံး (၁)လ အထိ ထားရှိမည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊ (၅)Purchase Request/ Indent Form များအား အနည်းဆုံး (၆)လကြိုတင် ပေးပို့စေခြင်း၊ (၆)ပုံမှန်တင်သွင်းခြင်းနည်းလမ်းအပြင် အခြားတင်သွင်းနိုင်မည့် နည်းလမ်းများ ကြိုတင် ရှာဖွေထားခြင်း၊ (၇)Supplier အသစ် များ ကြိုတင် ရှာဖွေညှိနှိုင်း ဆောင်ရွက်ခြင်း၊ (၈)ပစ္စည်းတင်သွင်းခြင်း၊ သယ်ယူခြင်းဆိုင်ရာ အချိန်လိုအပ်ချက်များ အတွက် လုံလောက်မှုရရှိစေရန် ပြင်ဆင် ဆောင်ရွက်ထားခြင်း။
Logistic		Impacts on distribution activities	အသွားအလာဆိုင်ရာ နှင့်ပစ္စည်း ပေးပို့ရန် ဆိုင်ရာ ကန့်သတ် ချက် များ၊ -ကုန်ပစ္စည်း ရောက်ရှိမှု ရုတ်တရက် ကြွေ့ကြာ/ ရပ် တန့် သွားနိုင်ခြင်း၊ -ကုန်ပစ္စည်းများ ပျက်စီး/ ပျောက်ဆုံး နိုင်ခြင်း၊	(၁)သက်ဆိုင်ရာရုံးခွဲများ၏ လိုအပ်ချက်အလိုက် လစဉ်ရောင်းချမည့် အရေ အတွက်အား Inventory Management System ဖြင့် ပစ္စည်းများ ပေးပို့ ရန်နှင့် ကားတစ်စီးချင်းပေါ်ရှိ ပမာဏအား ထိန်းချုပ်ဆောင်ရွက်ရန်။ (၂)ပို့ဆောင်ရန်ခက်ခဲသောဒေသများအား သီးသန့်ခွဲခြား၍ သယ်ယူ ပို့ဆောင် နိုင်မည့် နည်းလမ်းများ ဖော်ထုတ်သတ်မှတ် ထားခြင်းနှင့် ဆုံးရှုံးနိုင် ခြေ များသော နေရာများနှင့်စပ်လျဉ်း၍ ကုန်ပစ္စည်းများအား သတ်မှတ် ပမာဏဖြင့် ခွဲ၍ပို့ခြင်းနှင့် ရရှိနိုင်သည့် အာမခံထားရှိခြင်း။ (၃)အရေးပေါ် အခြေအနေ ဖြစ်ပွားနိုင်မည့် ဒေသများရှိ ကုန်ပစ္စည်းများကို သိမ်းဆည်းမည့်နေရာ ကြိုတင် သတ်မှတ်ပြီး သိမ်းဆည်းထား ရှိခြင်း၊ (၄) အရေးပေါ် အခြေအနေ ဖြစ်ပွားနိုင်မည့် ဒေသများတွင် ရောက်ရှိနေသည့် ဝန်ထမ်းများ ပြန်လည် ထွက်ခွာနိုင်ရေး သို့မဟုတ် လုံခြုံသည့် နေရာတွင် ခေတ္တ နေထိုင် နိုင်ရေး စီမံထားရှိခြင်း၊ (၅)မူလ သတ်မှတ်ထားသည့် တင်သွင်းမည့် နည်းလမ်းနှင့် လမ်းခရီးအပြင် အစားထိုးနည်းလမ်းများရှာဖွေစုံစမ်း၍ ကြိုတင်စီစဉ်ရန်။ (၆)ကုန်သွယ်မှုလမ်းကြောင်းချိတ်ဆက်သည့်နေရာများတွင် ဖြစ်ပေါ်လာသည့် အခြေအနေအပေါ်မူတည်၍ ပြောင်းလဲ ချိတ်ဆက် ဆောင်ရွက်ရန်။
Political		Impacts on business operation	-ဈေးကွက် ယှဉ်ပြိုင်မှု၊ -တရားမဝင် လမ်း ကြောင်း များ ကိစ္စ၊ -အမိန့်ညွှန်ကြား ချက်များ၊	(၁)ဈေးကွက်ပြောင်းလဲမှုများအား သေချာစွာလေ့လာဆန်းစစ်၍ မဟာ ဗျူဟာများချမှတ်ခြင်း။ (၂)ဈေးကွက်ကို အခြေခံသည့် နည်းလမ်းအတိုင်း ဆက်လက်ကျင့်သုံးခြင်း၊ တရားမဝင်ကုန်စည် စီးဆင်းမှုကြောင့် ဖြစ်ပေါ်လာသော ဈေးကွက် ပြောင်း လဲမှုကို လက်ဦးမှုရရှိအောင် ဈေးကွက်ယှဉ်ပြိုင်မှုအတွက်သော် လည်းကောင်း၊ မဟာဗျူဟာများချမှတ် ဆောင်ရွက်ရန်။ (၃)စီးပွားရေးဆိုင်ရာကျင့်ဝတ်များအတွက် သက်ဆိုင်ရာဌာနများ၏ လိုအပ်သောခွင့်ပြုချက်လိုင်စင်များအား ကြိုတင်ဆောင်ရွက် ထားရန်။ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်များအား မဖြစ်မနေထိတွေ့ရန် လိုအပ်သော လုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန်။ မိမိလုပ်ငန်းအား ထိခိုက်စေ နိုင်သည့်လုပ်ငန်းများ ရှောင်ရှားနိုင်စေရန်အတွက် သက်ဆိုင်ရာ လုပ်ငန်းကျွမ်း ကျင်သူများ ငှားရမ်းပြီး ဆောင်ရွက်ရန်။

				(၄)ကောင်းမွန်သည့် စီးပွားရေး လုပ်ငန်းဆောင်ရွက်မှု ကျင့်ဝတ်များ အတိုင်းဆောင်ရွက်ခြင်း၊ (၅)ပြည်တွင်းပဋိပက္ခများတွင် ပါဝင်ပတ်သက်မှုများအပေါ် အနည်းဆုံး ထိတွေ့မှုရှိအောင် လိုက်နာ ဆောင်ရွက်နိုင်ရေး စီမံထားရှိခြင်း၊ (၆)ဒေသန္တရနှင့် သတ်မှတ်ညွှန်ကြားချက် အမိန့်များအတိုင်း လိုက်နာ ဆောင်ရွက်ရန်၊
Governance and Compliance	H,M	Impacts on business operation	-ထုတ်ပြန်သည့် အမိန့် ညွှန်ကြားချက်များ အ ပေါ်အချိန်နှင့် တပြေး ညီ လိုက်နာ ဆောင် ရွက်ရန်အခက် အခဲ များ၊ -စီမံမှုဆိုင်ရာအား နည်း ချက်များ၊	(၁)မိမိလုပ်ငန်းနှင့်ဆိုင်သည့် ထုတ်ပြန်သည့် ဥပဒေ၊နည်းဥပဒေ၊ ညွှန်ကြား ချက်များကို အချိန်နှင့်တပြေးညီ လိုက်နာခြင်း၊ (၂)မိမိလုပ်ငန်းနှင့်ဆိုင်သည့် ထုတ်ပြန်လာနိုင်သည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကို လိုက်နာနိုင်ရန် ပြင်ဆင်ထားမည့် အစီအစဉ်များ ချမှတ်ထားခြင်း၊ (၃)ကုမ္ပဏီအနေဖြင့် ဆောင်ရွက်နေသည့် စီမံခန့်ခွဲမှုများ၊ စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ချက်များကို ဝန်ထမ်းထု တစ်ရပ်လုံး သိရှိနေစေရန် သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ မျှဝေခြင်းစသည့် လုပ်ဆောင်ချက်များ ချမှတ် ဆောင်ရွက်ခြင်းနှင့် လိုက်ပါဆောင်ရွက်လာအောင် နှိုးဆော်ပေးခြင်း၊
HR		Impacts on business operation	-လုပ်ငန်းများအား ဆောင်ရွက်ရာတွင် လိုအပ်သည့် လူမှန် နေရာမှန် ရရှိရန် အခက် အခဲများ၊ -လူ့စွမ်းအား လျော့ ကျနိုင်ခြင်း၊	(၁)စွမ်းဆောင်ရည်ရှိသည့် သို့မဟုတ် အရည်အသွေးရှိသည့် ဝန်ထမ်းများရရှိစေရန် ဆောင်ရွက်ခြင်းနှင့်အဆိုပါဝန်ထမ်းများ လုပ်ငန်းခွင် တွင်ရှိနေစေရေး ဈေးကွက်နှင့် ကိုက်ညီသည့် လုပ်ခလစာ အပါအဝင် အခြားခံစားခွင့်များနှင့် သင့်တော် ကောင်းမွန်သည့် အလုပ်အကိုင် (Decent Work) ဖြစ်စေရန် စီစဉ် ဆောင်ရွက်ခြင်း၊ (၂)ဝန်ထမ်းရှာဖွေရာရာတွင် မိမိတို့ လက်ရှိအသုံးပြုနေသည့် ဝန်ထမ်းရှာဖွေရေး နည်းလမ်းများ (Channel) အပြင် Agency များမှ တဆင့် ရယူခြင်း။ (၃)ဝန်ထမ်းအရည်အသွေးဆိုင်ရာ ပြောင်းလဲမှုနှင့် ကိုက်ညီမည့် လုပ်ဆောင်ချက်များ ချမှတ်လုပ်ဆောင်ခြင်းနှင့် အမြဲ လေ့လာ သင်ယူ နေသည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်နေစေရန် လုပ်ဆောင်ပေးခြင်း၊ (၄)သက်ဆိုင်ရာ အလုပ်နှင့် ကိုက်ညီသည့် Orientation Program များအား တက်ရောက်စေပြီးမှ လုပ်ငန်းခွင်သို့ ဝင်ရောက်စေခြင်းနှင့် စွမ်းဆောင်မှု အပြည့်အဝ လုပ်ဆောင်ပေးသည့် လုပ်သားထုများ ဖြစ်လာစေမည့် လုပ်ငန်းခွင် အခြေအနေများ ဖန်တီးပေးခြင်း၊ (၅)သက်ဆိုင်ရာဌာနအသီးသီးက အနာဂတ်တွင် လုပ်သား လိုအပ်သောရင်းနှီးမြှပ်နှံမှုနှင့် သင်ကြားမှု အား ပံပိုး ကူညီပေးခြင်း။ (၆)ဥပဒေတစ်ရပ်ရပ်အရ တာဝန်ထမ်းဆောင်ရနိုင်မည့် လူ့စွမ်းအား ရင်းမြစ် အခြေအနေအပါအဝင် လူ့စွမ်း အားလျော့ချနိုင်သည့် အချက်များပေါ် အခြေခံ၍ သက်ဆိုင်ရာဌာနများအနေဖြင့် အနည်းဆုံး ဝန်ထမ်း အင်အားဖြင့် လုပ်ကိုင်နိုင်ရန် Key Person များ ရွေးချယ်သတ်မှတ်စေခြင်း။ (၇) Key Person များအား လုပ်ငန်းတွင်း လှည့်လည် အသုံးပြုနိုင် စေရန် ရည်ရွယ်၍ Job Sharing နှင့် Rotation Program များ ရေးဆွဲ တာဝန်ပေးအပ်စေခြင်း။ (၈)Fresher များအား Internship Program များ စီစဉ်၍ အလုပ်သင် ဝန်ထမ်းအဖြစ် ခန့်အပ် သင်ကြား လုပ်ကိုင် စေခြင်း။
Energy		Impacts on distribution activities	-လျှပ်စစ်မီး မမှန်မှုနှင့် ဒီဇယ်ဆီဈေး တက်မှု အခက်အခဲ	(၁)စက်သုံးဆီ လုံလောက်စွာ ရရှိနေစေရန် စီစဉ် ဆောင်ရွက် ထားခြင်း။ (၂)အရန်လျှောင်စနစ်များ ထပ်မံဆောင်ရွက်ခြင်း၊ (၃)လုပ်ငန်းဆောင်ရွက်မှုပေါ်အခြေခံသည့် စွမ်းအင် သုံးစွဲမှု သက်သာစေနိုင်မည့် နည်းလမ်းများ ချမှတ် ဆောင်ရွက်ခြင်း၊ (၄)ဆိုလာ တပ်ဆင်ခြင်းအပါအဝင် လျှပ်စစ် စွမ်းအင် ထုတ်လုပ်နို င်မည့် အခြားနည်းလမ်းများ ရှာဖွေထားခြင်း၊ (၅)ပစ္စည်းရောင်းချမှုအပေါ်မူတည်၍ ဆီသုံးစွဲမှုအား စီစစ် ဆောင်ရွက် ရန်။
Strategy	M,M	Impacts on business operation	-ဘက်ထရီ ဈေးကွက် ပြောင်းလဲနေမှု	(၁) ဖြန့်ဖြူးခြင်းကို ဈေးကွက် ပြောင်းလဲမှုပေါ်မူတည်၍ အချိုးစား ညီမျှစွာ ရှိနေစေရေး စီစဉ်ဆောင်ရွက်ခြင်း၊

			-စွမ်းအင်ဆိုင်ရာ အနာ ဂတ်အနေ အထား ပြောင်းလဲ နေမှု အခြေ အနေများ	(၂) Lead-Acid နှင့် Lithium-Ion, Sodium-Ion ဘက်ထရီအပါအဝင် စွမ်းအင်သိုလှောင်မှုဆိုင်ရာ ဈေးကွက် အမျိုးမျိုး ရရှိလာစေရေး လိုအပ်သည့် ဘက်ထရီ အမျိုးအစားများ ရရှိလာအောင် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ခြင်း၊ (၃)မော်တော်ယာဉ်၊ ယန္တရားနှင့် အခြားအသုံးပြုသော ဘက်ထရီ ဈေးကွက်တွင် မိမိတို့၏ ဘက်ထရီများအား ခိုင်မာစွာ ရောင်းချခြင်းနိုင်သည့် ဈေးကွက် ရရှိလာအောင် ဆောင်ရွက်ခြင်း၊
Credit		Impacts on business operation	-ငွေကြေးဆုံးရှုံးနိုင်မှု	(၁)ငွေပေးချေမှု နှင့် ဘဏ္ဍာရေး ခိုင်မာမှု အပေါ်မူတည်၍ အကြွေးထားရှိမှုပမာဏကို ဖိလတစ်ကြိမ် ပုံမှန်စိစစ်ဆောင်ရွက်ခြင်းနှင့် သတ်မှတ် အကြွေးပမာဏ ကျော်လွန်သည့် ဆိုင်များအပေါ် လစဉ် ကြပ်မတ်စိစစ်သွားရန်၊ (၂) ငွေကြေးဆုံးရှုံးနိုင်မှု ပမာဏနှင့် ဝန်ထမ်း ၏ လုပ်ငန်းစွမ်းဆောင်ရည်နှင့် သတ်မှတ်တာဝန်များ အပေါ်မူတည်၍ ငွေကြေး ကိုင်ဆောင်ရမှု တာဝန် ပေးအပ်ရန်။
Market		Impacts on business operation	-ဈေးကွက် ဝေစု လျော့နည်းသွားနိုင်မှု	(၁)ပြိုင်ဖက်များ၏ နိုင်ငံတစ်ဝှမ်းလုပ်ဆောင်ချက်များကို စဉ်ဆက်မပြတ် လေ့လာ၍ ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီမည့် ပစ္စည်းများကို ဖြည့်မိနေ စေရန် ဆောင်ရွက်ခြင်း၊ (၂)ဈေးကွက်တွင် ထူးခြားဖြစ်ပေါ်နေသည့် အပြောင်းအလဲများကို အစဉ် လေ့လာသုံးသပ်၍ သက်ဆိုင်ရာ နယ်မြေအသီးသီးရှိ stakeholder များနှင့် ပုံမှန်ဆက်သွယ် ညှိနှိုင်း ဆောင်ရွက်ခြင်း၊ (၃)ပြည်တွင်း ဈေးကွက်နှင့် အိမ်နီးချင်းနိုင်ငံများရှိ ဈေးကွက်များအတွင်း ပြောင်းလဲဖြစ်ပေါ်နေမှုများအပေါ် နှစ်စဉ် သုံးသပ်သွားရန် ။ (၄) သုံးစွဲသူ၏ ဝယ်နိုင်စွမ်းအားဆိုင်ရာပြောင်းလဲမှု (Consumer purchasing power) ဖြစ်စဉ်အား စဉ်ဆက်မပြတ်လေ့လာ စောင့်ကြည့်ရန်၊ (၅)အဆိုပါ ပြောင်းလဲမှုကို လိုက်၍ ဈေးကွက်ဆိုင်ရာ ပြောင်းလဲ ဆောင်ရွက်ရန်၊ (၆) ဘက်ထရီတပ်ဆင်အသုံးပြုသည့် ယာဉ်များအတွက် မိမိတို့၏ **Brand** ကို ဈေးကွက်တွင် ပိုမိုခိုင်မာစွာ နေရာယူနိုင်ရန်နှင့် ဈေးကွက်ဝေစု (Market Share) တိုးမြှင့်နိုင်ရန် မဟာဗျူဟာကျကျ ဆောင်ရွက်ရန်။ (၇) ဈေးကွက်တွင် **Supply** သည် **Demand** ထက် ပိုမိုများပြားလာနိုင်သည့် အခြေအနေမတိုင်မီ မိမိတို့၏ **Brand Awareness** နှင့် **Brand Reputation** ကို ခိုင်မာစွာ တည်ဆောက်နိုင်ရန် ကြိုတင်စီမံဆောင်ရွက်ရန်။ (၈) **Sales Historical Data** များကို အခြေခံ၍ ဘက်ထရီအမျိုးအစား၊ Model နှင့် Size အလိုက် ရောင်းအားအကောင်းဆုံး ထုတ်ကုန်များကို ခွဲခြမ်း စိတ်ဖြာ သုံးသပ်ကာ ထုတ်လုပ်မှု၊ Inventory နှင့် Marketing Strategy များတွင် ထိရောက်စွာ အသုံးချနိုင်ရန် ဆောင်ရွက်ရန်။ (၉)OEM ယာဉ်ထုတ်လုပ်သူများနှင့် ပူးပေါင်းဆောင်ရွက်၍ မိမိတို့၏ **Battery Brand** ကို OEM Supply Chain တွင် ထည့်သွင်းအသုံးပြုနိုင်ရေးနှင့် ရေရှည်မိတ်ဖက်ဆက်ဆံရေး တည်ဆောက်နိုင်ရေးကို အလေးထား ဆောင်ရွက်ရန်။ (၁၀)ဈေးကွက်၏ လိုအပ်ချက်များနှင့် ပြောင်းလဲမှုများကို နားလည် သဘော ပေါက်နိုင်ရန် **ရောင်းချသူ (Dealers)**၊ **ထုတ်လုပ်သူ (Manufacturers)** နှင့် **သုံးစွဲသူများ (End Users)** ၏ လိုအပ်ချက်များ၊ အပြုအမူများနှင့် အမြင်များ ကို အခြေခံ၍ **Research & Development (R&D)** နှင့် Market Research လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်။
Operation		Impacts on business operation	-တိုက်ရိုက် ရောင်းချ နိုင်မည့် နယ်ပယ် ဒေသ များ လျော့နည်း လာခြင်း၊ -ဒေသဆိုင်ရာ ကန့် သတ် ချက်များ ရှိလာ ခြင်း၊	(၁)ပစ္စည်းဖြန့်ဖြူးရောင်းချရာတွင် လိုအပ်ပါက Outsourcing အသုံးပြုခြင်း၊ (၂)Digital Marketing နှင့် Telecommunication နည်းလမ်းများအား အသုံးပြု၍ ရောင်းချနိုင်အောင် ဆောင်ရွက်ခြင်း၊ (၃) သက်ဆိုင်ရာညီနောင်ကုမ္ပဏီများ၏ ရင်းမြစ်များ (Resources) ဆိုင်ရာ Mapping ပြုလုပ်ပြီး မျှဝေသုံးစွဲနိုင်ရေး နည်းလမ်းများ ရှာဖွေ သတ်မှတ်ရန်၊ (၄)သက်ဆိုင်ရာ ဒေသကန့်သတ်ချက်များနှင့် စပ်လျဉ်းသည့် အထောက် အထား စာရွက်စာတမ်းများ ပြည့်စုံအောင် ဆောင်ရွက်ထားခြင်း၊

				(၅)ဖြစ်လာနိုင်သည့် အန္တရာယ်ကို ကြိုတင်စဉ်းစား၍ ချမှတ်ထားသည့် လုပ်ငန်းများကိုရေတို၊ရေရှည် အကောင် အထည်ဖော် ဆောင်ရွက်ရန်။ (၆)ဈေးကွက်မှ တင်ပြလာသည့် ထုတ်ကုန်အရည်အသွေးဆိုင်ရာ ကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဖြေရှင်းနိုင်ရန် (Timely Response Mechanism) စနစ်တကျ ဆောင်ရွက်ရန်။ ထို့ပြင် **User Error** များ လျော့နည်းစေရန် ဘက်ထရီနှင့် အက်စစ်ဆိုင်ရာ မှန်ကန်သော အသုံးပြုနည်း၊ ထိန်းသိမ်းနည်းနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ အသိပညာပေး အစီအစဉ်များကို သုံးစွဲသူများအား ပုံမှန်ဆောင်ရွက်ပေးရန်။
Finance		Impacts on business operation	-ဘဏ်များတွင် ငွေသွင်း/ငွေထုတ်/ ငွေလွှဲ ဆိုင်ရာ ကန့်သတ် ချက် များ၊	(၁)Account to Account ပေးချေခြင်းနည်းလမ်းအား ကျင့်သုံးရန်၊ (၂)ဘဏ်များနှင့် ချိတ်ဆက်ပြီး ဘဏ္ဍာရေး အကာအကွယ် ဖြစ်စေမည့် နည်းလမ်းများ ချမှတ် ဆောင်ရွက် ထားခြင်း၊ (၃)ဘတ်ဂျက်စီမံခန့်ခွဲမှုကိုစနစ်တကျပြုလုပ်ပြီး ကွဲလွဲချက်များအား အချိန်နှင့် တစ်ပြေးညီဖော်ထုတ်ပြီး အစီအစဉ်များ ပြန်လည် ချမှတ်ခြင်း။ (၄)International Financial Reporting Standard -နိုင်ငံတကာ စံနှုန်းများနှင့်အညီစာရင်းရှင်းတမ်းများပြုစုတင်ပြခြင်း။
Product		Impacts on business operation	-ထုတ်ကုန် အရည်အသွေး	(၁)ယုံကြည်မှုအပေါ်အခြေခံသည့် အစဉ်လက်ခံသုံးစွဲသည့် ကုန်အမှတ်တံဆိပ် တစ်ရပ် ဖြစ်ပေါ်လာစေရေး ဆောင်ရွက်ခြင်း၊ (၂)အရည်အသွေး ကောင်းမွန်သည့် ထုတ်ကုန်များCustomer များထံ ရောက်ရှိ စေရန် ဆောင်ရွက်ခြင်း၊ (၃)အရည်အသွေးပိုင်ဆိုင်ရာ ထိခိုက်မှု ရှိသည့် အခြေအနေများ အပေါ် ဆန်းစစ်သုံးသပ်ချက်များ အမြန်ချမှတ်ပေးခြင်း၊ တာဝန်ခံမှု ရှိသည့် ဖြန့်ဝေရောင်းချမှု ဖြစ်စေရန် အလေးထားဆောင်ရွက်ခြင်း၊ (၄)ဝယ်လိုအား ဆိုင်ရာ ပြောင်းလဲမှု(Consumer purchasing power) ဖြစ်စဉ်ပေါ် အခြေခံ၍ အစားထိုး ထုတ်ကုန် (Substitute Product) များ ထုတ်လုပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရန်၊
Natural Disaster		Impacts on business operation	-လုပ်ငန်း လည်ပတ်မှု ရပ်ဆိုင်းသွားခြင်း	(၁)ကျရောက်လာနိုင်သည့် သဘာဝဘေး အန္တရာယ်များကို စဉ်ဆက်မပြတ် ခန့်မှန်းဖော်ထုတ်ခြင်း၊ (၂)ခန့်မှန်းချက်များအပေါ် အခြေခံ၍ လုပ်ငန်းစဉ်ဆက်မပြတ် လုပ်ဆောင်နိုင်မည့် အစီအစဉ်များ (BCP)ရေးဆွဲထားခြင်း၊ (၃)အဆိုပါ အစီအစဉ်များအတိုင်း လုပ်ဆောင်နိုင်ရန် လေ့ကျင့်ပြင်ဆင်ထားခြင်း၊ (၄)ယခင်ဖြစ်ပွားခဲ့သည့် **Historical Data** များကို အခြေခံ၍ ဖြစ်နိုင် ခြေရှိသော သဘာဝဘေးနှင့် အခြားအရေးပေါ် အန္တရာယ်များအတွက် ကြိုတင်ကာကွယ်ရေးအစီအမံများ (Preventive Measures) ကို ရေးဆွဲ အကောင်အထည်ဖော်ရန်။ (ဥပမာ - ရေကြီးရေလျှံမှုဖြစ်ပွားနိုင်သည့် အခြေအနေတွင် ပစ္စည်းများကို Rack များပေါ်တွင် မြှင့်တင် သိုလှောင် ထားခြင်း၊ အရေးကြီး ပစ္စည်းများကို လုံခြုံသည့်နေရာသို့ ပြောင်းရွှေ့ထားခြင်း စသည်။)
Environment	M,L	Impacts on business operation	-သက်တမ်းကုန်သည့် ဘက်ထရီများ စွန့်ပစ်ရန် အခက်အခဲ၊ -စက်ရုံထုတ် စွန့်ပစ် ပစ္စည်း များကို ရှင်းလင်း ခြင်း အကန့်အသတ်များ၊ -သုံးစွဲသူများအား အသိ ပညာ ဖြန့်ဝေခြင်းတွင် ကျယ်ပြန့်မှု အခက်အခဲ	(၁)အသုံးပြုပြီးသည့် ဘက်ထရီများ စနစ်တကျ စွန့်ပစ်ခြင်း၊ အက်ဆစ် စွန့်ပစ်ခြင်း များအတွက် တာဝန်ယူ ဆောင်ရွက်ပေးခြင်း၊ (၂)မိမိတို့ထုတ်လုပ်သည့် ကုန်ပစ္စည်းဆိုင်ရာ သဘာပတ်ဝန်းကျင် ဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ပြီး မိမိတို့၏ ထုတ်ကုန် ပစ္စည်း သုံးစွဲသူများပါ ပါ ဝင်လာအောင် ဆောင်ရွက်ခြင်း၊ (၃)မိမိ လုပ်ငန်းခွင်နှင့် ရောင်းဝယ် သည့်နေရာတိုင်းသည် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမရှိစေသည့် ဆောင်ရွက်ချက်များ ဖြစ်လာစေရေး လုပ်ဆောင်ခြင်း၊ (၄)ရောင်းချလိုက်သည့် ကုန်ပစ္စည်းများအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှု အနေဖြင့် စနစ်တကျဆောင်ရွက်ရန်၊ (၅)သက်ဆိုင်ရာ Customer များအား အသိပညာပေးရန်၊
IT		Impacts on business operation	-Digital ပိုင်းဆိုင်ရာ ပြောင်းလဲမှု နှေးကွေး	(၁)ဝန်ထမ်းထုအား မိမိဆောင်ရွက်သည့် လုပ်ငန်းဆိုင်ရာ နည်းပညာဆိုင်ရာ ကျွမ်းကျင်စွာ သုံးစွဲသူများဖြစ်လာစေရေး ဆောင်ရွက်ပေးခြင်း။

			ခြင်းကြောင့် ဖွံ့ဖြိုးမှု နှေးကွေးခြင်း၊ -သတင်းအချက် အလက် ပေါက်ကြားမှု/ ခိုးယူခံရမှု -ခေတ်ပေါ်နည်းပညာရပ်ပိုင်းဆိုင်ရာ application များအား လိုက်ပါ မသုံးစွဲနိုင်မှု၊	(၂)သတင်းအချက်အလက်များ ပျက်စီးခြင်း၊ ခိုးယူခံရခြင်းများ မရှိ စေရေး လုံခြုံမှုဆိုင်ရာ အလေ့အထကောင်းများ ဝန်ထမ်းထုအား လေ့ကျင့်သင့်ကြား ဆောင်ရွက်ပေးခြင်း။ (၃)Infrastructure ပိုင်းဆိုင်ရာ လိုအပ်ချက်များကို စဉ်ဆက်မပြတ် အဆင့်မြှင့်တင်၍ Digital Transformation လုပ်ငန်းစဉ်များ ချောမွေ့စွာ အကောင်အထည်ဖော်နိုင်စေရန် ဆောင်ရွက်ရန်။ ထို့ပြင် အသုံးပြုသူများ (Users) အနေဖြင့် Software နှင့် System များကို ထိရောက်စွာ အသုံးပြုနိုင်စေရန် နှစ်စဉ် Software Update များ ဆောင်ရွက်ခြင်းနှင့် လိုအပ်သော Training များကို ပုံမှန်စီစဉ်ပေးရန်။ (၄)Computer အသုံးပြုသူများ (All Users) နှင့် IT Technician များအား Operational Secret နှင့် Company Confidential Information များကို အလွဲသုံးစားမပြုလုပ်စေရန် သက်ဆိုင်ရာ Information Security Policy နှင့် Confidentiality Guidelines များကို ထုတ်ပြန်၍ သိရှိလိုက်နာကြောင်း လက်မှတ်ရေးထိုးစေရန်။ (၅) Data Security ကို ပိုမိုခိုင်မာလုံခြုံစေရန် Cloud Server ကို အသုံးပြု၍ Data Storage၊ Backup နှင့် Disaster Recovery စနစ်များကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြိုတင်စီစဉ်ထားရန်။ (၆) Digital Security နှင့် Digital Transparency ဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာ Third-Party Service Providers များနှင့် ပူးပေါင်း၍ နှစ်စဉ် Security Assessment၊ Vulnerability Assessment၊ Penetration Testing နှင့် Compliance Review များကို ဆောင်ရွက်ကာ လုံခြုံရေးနှင့် ယုံကြည်စိတ်ချရမှုကို အစဉ်တစိုက် မြှင့်တင်သွားရန်။
OSH	L,L	Impacts on business operation	-ဝန်ထမ်းများ၏ ဘေး/ကျန်း ဖြစ်နိုင်မှု	(၁)ISO ၄၅၀၀၁ ဆိုင်ရာ ဘေး/ကျန်း ဆောင်ရွက်ချက်များအား လိုက်နာ ဆောင်ရွက်ခြင်း၊ (၂)မန်နေဂျာများအနေဖြင့် ဘေး/ကျန်းဆိုင်ရာ ဆောင်ရွက်ချက်များပေါ် ခေါင်းဆောင်မှုကောင်းပေးခြင်း၊ (၃)သက်ဆိုင်ရာ ဘေး/ကျန်း ဥပဒေများအား လိုက်နာဆောင်ရွက်ရန်၊ (၄)ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် ရေရှည်အတွက် **Heavy Lifting** လုပ်ငန်းများကို လွယ်ကူမြန်ဆန်ပြီး ဘေးကင်းလုံခြုံစွာ ဆောင်ရွက်နိုင်စေရန် ဝန်ထမ်းများအား သင့်လျော်သော အသိပညာပေးနှင့် လက်တွေ့ လေ့ကျင့်ရေးအစီအစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန်။ (၅)ဂိုဒေါင်များရှိ **First Aid** အထောက်အကူပြုပစ္စည်းများနှင့် **Fire Safety** ဆိုင်ရာ ကိရိယာများကို ပုံမှန်စစ်ဆေးထိန်းသိမ်းရန်။ ထို့အပြင် လုပ်ငန်းခွင်ရှိ **Potential Risks**များကို ကြိုတင်ဖော်ထုတ်သုံးသပ်၍ အလုပ်သမား ဝန်ကြီးဌာနမှထုတ်ပြန်ထားသော ဥပဒေ၊စည်းမျဉ်းစည်းကမ်းများနှင့် လမ်းညွှန် ချက်များကို အမြဲတမ်း **Compliance** ဖြစ်စေရန် ဆောင်ရွက်ရန်။ (၆)လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး (**Electrical Safety**) ဆိုင်ရာ အသိပညာပေးနှင့် လေ့ကျင့်ရေးအစီအစဉ်များကို ပုံမှန်ဆောင်ရွက်ပေးရန်။ ထို့ပြင် ကွန်ပျူတာကို နေ့စဉ်အသုံးပြုနေသည့် ရုံးဝန်ထမ်းများ၏ လုပ်ငန်းခွင်တွင် **Adequate Lighting** ရှိ/မရှိကို **WSH Committee** မှ ပုံမှန်စစ်ဆေး၍ လိုအပ်သည့် ပြုပြင်ဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်ရန်။

PROVEN GROUP OF COMPANIES

၄.၄.၃ တိုင်ကြားမှု လက်ခံ စိစစ်ဖြေရှင်းရေး ယန္တရား

Proven Group of Companies သည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို ရရှိလျက် ကျင့်ဝတ်သိက္ခာနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သော ကုမ္ပဏီအစုအဖွဲ့တစ်ခုအဖြစ် အမြဲရပ်တည်နိုင်ရန် ကောင်းမွန်သော စီမံခန့်ခွဲမှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိသော လုပ်ငန်းခွင်ကျင့်ဝတ်များကို အထူးဦးစားပေး အကောင်အထည်ဖော် လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်မှုအရ ကုမ္ပဏီအစုအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ သို့မဟုတ် လုပ်ငန်းခွင်ကျင့်ဝတ် (Code of Conduct) နှင့်သက်ဆိုင်သည့် တိုင်ကြားမှုများနှင့် စပ်လျဉ်းပြီး "တိုင်ကြားမှု လက်ခံစိစစ် ဖြေရှင်းရေးယန္တရား" တစ်ရပ်ဖြင့် ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

Group of Companies ဆိုင်ရာ ဆောင်ရွက်ချက်များနှင့် လုပ်ငန်းခွင်ကျင့်ဝတ် (Code of Conduct) ကျင့်သုံးမှု ဆိုင်ရာ တိုင်ကြားမှုများအား အောက်ဖော်ပြပါ လိပ်စာ၊ Email နှင့် ဖုန်းအမှတ်သို့ ဆက်သွယ် တိုင်ကြားနိုင်ပါသည်-

Compliance and Sustainability Manager
Proven Group of Companies
compliance@proven.com.mm
ဖုန်းအမှတ် (၀၉ ၈၈၀ ၅၉ ၂၃ ၆၈)
အမှတ် (F/S-14)၊ ရွှေစံပယ်ရိပ်မွန်အိမ်ရာ၊ ဘုရင့်နောင်လမ်း၊
(၄) ရပ်ကွက်၊ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

(တိုင်ကြားမှု လက်ခံ စိစစ်ဖြေရှင်းရေးဆိုင်ရာ ယန္တရား အကြောင်း အပြည့်အစုံကို WHISTLE BLOWING POLICY AND COMPLAINT MECHANISM | Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်)

တိုင်ကြားမှုများကို လစဉ် စိစစ်၍ အမှုဆောင် အရာရှိချုပ်ထံ တိုက်ရိုက်အစီရင်ခံ တင်ပြလျက်ရှိရာ ၂၀၂၅ ဧပြီလ မှ -၂၀၂၆ ခုနှစ် မတ်လ ဘဏ္ဍာရေးနှစ်အတွက် တိုင်ကြားမှုများ မရှိခဲ့ပါ။

၄.၄.၄ ဘဏ္ဍာရေး

Proven Group of Companies အနေဖြင့် ၂၀၂၅ ခုနှစ် ဧပြီလ မှ -၂၀၂၆ ခုနှစ် မတ်လ ဘဏ္ဍာရေးနှစ်အတွက် အောက်ပါအတိုင်းရရှိအောင် လုပ်ဆောင်ထားနိုင်ခဲ့ပါသည် -

၆၅% ≤ Toyo နှင့် Lion အမှတ်တံဆိပ် နိုင်ငံတဝှမ်း ဖြန့်ဖြူးရောင်းချမှု (ဆိုင်အရေအတွက်ပေါ် အခြေခံသည့်)	၁၈၅၀ + Toyo နှင့် Lion အမှတ်တံဆိပ် လက်လီ လက်ကားရောင်းချသည့် ဆိုင် အရေအတွက်	၂၇.၅% ≤ Toyo နှင့် Lion အမှတ်တံဆိပ် မော်တော်ကား ၊မော်တော်ဆိုင်ကယ် ဘက်ထရီနှင့် မီးထွန်း အိုး ဘက်ထရီ သုံးစွဲ သူများ၏ ဈေးကွက်
Solar ၁၀% ≤ Lithium ၁% ≤ Solar နှင့် Lithium Battery ရောင်းချမှု ဈေးကွက်ရရှိမှု		၁၀% ≤ စက်ဆီ၊ ချောဆီ ရောင်းချမှု ဈေးကွက် ရရှိမှု

Proven Group of Companies သည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိလျှက် ကျင့်ဝတ်သိက္ခာနှင့် ညီညွတ်သည့် ကုမ္ပဏီအစုအဖွဲ့ တစ်ခုအဖြစ် အမြဲရပ်တည်နေစေရန် ဆောင်ရွက်နေခြင်းကြောင့် သင့်တော် မှန်ကန်ပြီး မျှတသည့် မြတ်စွန်းမှုမျိုးကိုသာ ရယူပြီး ရရှိသည့် မြတ်စွန်းမှုများအား အောက်ပါအတိုင်း စီမံခန့်ခွဲပါသည် -

(က) Proven Group of Companies ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) Proven Group of Companies အနာဂတ် စီးပွားရေးဆိုင်ရာ လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံခြင်း၊

(ဂ) Proven Group of Companies အတွင်းရှိ လုပ်ငန်းအသီးသီးမှ ဝန်ထမ်းများအား နှစ်စဉ် ဆုကြေးပေးခြင်း၊

Proven Group of Companies အနေဖြင့် ၂၀၂၅ ခုနှစ် ဧပြီလ မှ -၂၀၂၆ ခုနှစ် မတ်လ ဘဏ္ဍာရေးနှစ်အတွက် ဝန်ထမ်းများအား နှစ်စဉ်ဆုကြေး (Annual Bonous)အား ၁၆-၅-၂၀၂၆ ရက်နေ့တွင် ပေးအပ်ခဲ့ပါသည်။

၄.၄.၅ အကျိုးစီးပွားဆိုင်ရာ သက်ဆိုင်သူများနှင့် ချိတ်ဆက်မှု

စီးပွားရေးလုပ်ငန်းများတွင် အကျိုးစီးပွားဆိုင်ရာ သက်ဆိုင်နေသူများ (Stakeholders) များရှိပါသည်။ Stakeholders များသည် စီးပွားရေး လုပ်ငန်းများအပေါ် အဓိက လွှမ်းမိုးသူများ ဖြစ်၍ စီးပွားရေး လုပ်ငန်းတစ်ရပ် အနေဖြင့် မိမိ၏ Stakeholders များသည် မည်သူ မည်ဝါ ဖြစ်သည်ကို တိတိကျကျ သတ်မှတ်ဖော်ထုတ်ပြီး လိုအပ်သလို ထိတွေ့နေရမည်ဖြစ်သလို မိမိတို့ စီးပွားရေးလုပ်ငန်းများ အပါအဝင် သက်ဆိုင်ရာဆောင်ရွက်ချက်များတွင် ချိတ်ဆက် ပါဝင်ဆက်နွှယ်နေမှု (Stakeholder Engagement) ရှိနေစေရန် နှင့် ထိုသို့ရှိနေမှု အခြေအနေကိုလည်း ထိန်းသိမ်းထားရှိရန် လုပ်ဆောင်ရ မည်လည်းဖြစ်ပါသည်။

Proven Group of Companies အနေဖြင့် ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ရရှိနေစေရန် အကျိုးစီးပွား ဆက်နွှယ်သူများကို အောက်ပါအတိုင်း သတ်မှတ်ပြီး ပူးတွဲပါနည်းလမ်းများဖြင့် ထိတွေ့ပြီး ၎င်းတို့နှင့် ပတ်သက်သည့် ကိစ္စရပ်များကို တုန့်ပြန် ဖြေရှင်းဆောင်ရွက်ပေးပါသည် (Proven Group of Companies ၏ Stakeholders Mapping နှင့် Engagement အား https://proven.com.mm/corporate-governance/stakeholder-mapping/ တွင် ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။) –

High Influence High Impact
1. Suppliers 2. Customers 3. Management 4. Business Alliance 5. BOD 6. Employees
Engagement: **Suppliers** ▪ Suppliers Day/ Suppliers Visits/ Attendance on Social Gatherings of the Suppliers/ Contact Via Social Platforms such as Viber/ Facebook/ Supplier Development Program **Customers** ▪ Customer Compliant Channels **Management** ▪ Meetings/ Reports/ Messages/ Personal Engagement/ Reports/ Meetings/ Personal Engagement/Information and Messages Updating Channel Via phone, viber,(Informal Gatherings) **Business Alliances** ▪ Reports/ Meetings/ Personal Engagement/Information and Messages Updating Channel Via phone, viber/ Knowledge Sharing Channel **BOD** ▪ Reports/ Meetings/ Personal Engagement **Employees** ▪ Share decision making, seeking employees' participation, motivational approaches,
Low Influence High Impact
1. Social Media 2. Competitors 3. End-Users 4. Government 5. Local community 6. External and Internal Auditors
Engagement: **Social Media** ▪ News Letter/ Website/ Press Release/ Engagement:/Updating News and Information at Websites, Facebook / News Briefing/ **Competitors** ▪ Market Visits/ Market Insights **End-Users** ▪ Tele Communications/ Hot Line/Gift Program **Government** ▪ Meetings/ Personal Engagement/ Compliance

Local Community Meetings/ Personal Engagement /CSR **External and Internal Auditors** ▪ Reports/ Meetings/ Personal Engagements
High Influence **Low Impact**
1. Banks
Engagement: **Banks** ▪ Meetings/ News Letters/ Emails and Regular Contacts / Personal Engagement
Low Influence **Low Impact**
1. Industrial Management Committee 2. Neighboring Factories 3. Shareholders 4. Service Providers
Engagement: **Industrial Management Committee** ▪ Attending Meetings and Social Gatherings/ Reports/Personal Engagement/ Legal Evaluation and Compliance/ Gifts ▪ Meetings/ News Letters/ Emails and Regular Contacts / Personal Engagement / Compliance/CSR **Neighboring Factories** ▪ Social Gatherings/Personal Engagement/ Compliance/ Gifts **Shareholders** ▪ Reports/ Meetings/ Personal Engagement ▪ Annual Reports/ Meetings/ News Letters/ Emails and Regular Contact Via Communication Platforms such as Viber **Service Providers** ▪ Personal Engagement/ Emails/ Meetings/ Communication Platforms

၄.၄.၆ စီမံ အုပ်ချုပ်မှု (Governance) ဆိုင်ရာ ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင် နှင့် ရည်မှန်းချက်များနှင့် ဆောင်ရွက်ထားမှု အခြေအနေ

8 DECENT WORK AND ECONOMIC GROWTH	ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်နှင့် ရည်မှန်းချက်များ
Proven Group of Companies အနေဖြင့် အဓမ္မခိုင်းစေမှု နှင့် ကလေးအလုပ်သမား ခိုင်းစေမှုအား လက်ခံကျင့်သုံးမှုမရှိခြင်း၊ Group of Companies ၏ လုပ်ငန်းခွင်များအား ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်စေရန်၊ သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များ (decent work) ဖြစ်စေရေး အစဉ်ဆောင်ရွက်ပေးခြင်း၊ တည်ဆဲဥပဒေပါ အလုပ်သမား အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် အမှတ် (၈) ပါ ရည်မှန်းချက်များ နှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ပါသည်။	8.5 8.6 8.7 8.8

9 INDUSTRIES, INNOVATION AND INFRASTRUCTURE	ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်နှင့် ရည်မှန်းချက်များ
Proven Group of Companies သည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုရှိသည့် လုပ်ငန်းစုတစ်ရပ်ဖြစ်ရန်၊ Resource-use Efficiency လုပ်ငန်းခွင်များဖြစ်နေစေရန် မူဝါဒများ ဆောင်ရွက်ပေးခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် အမှတ်(၉)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ပါသည်။	9.2 9.4

11 SUSTAINABLE CITIES AND COMMUNITIES	ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်နှင့် ရည်မှန်းချက်များ
Proven Group of Companies သည်နှစ်စဉ် ပြောင်းလဲ နေသည့် စားသုံးသူဆိုင်ရာ နှုန်းထားနှင့် ကိုက်ညီအောင် လုပ်ခလစာများအား ပြင်ဆင်သတ်မှတ်ပေးခြင်း၊ ဝင်ငွေရရှိမှုခိုင်မာအောင် ဆောင်ရွက်ပေးခြင်း၊ ဝန်ထမ်းများအနေဖြင့် ဘေးကင်းလုံခြုံပြီး ကျန်းမာသန့်ရှင်းစွာ နေထိုင်သည့် နှုန်းထားသင့်တော်သော အိုးအိမ်ဝယ်ယူနိုင်ရေး အတိုးမပါသည့် ချေးငွေများ သတ်မှတ်ဆောင်ရွက်ပေးခြင်း၊ အခြားအကြောင်းများကြောင့် ဖြစ်ပေါ်သည့် ငွေကြေးပိုင်းဆိုင်ရာ အကျပ်အတည်းများကို အတိုးမဲ့ လစဉ်အရစ်အကျဖြင့် ပေးဆပ်နိုင်သည့် ချေးငွေများ ရယူနိုင်စေရန် ဆောင်ရွက်ထားပေးခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ်(၁၁)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ ပါသည်။	11.1 11.5

12 RESPONSIBLE CONSUMPTION AND PRODUCTION	ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်နှင့် ရည်မှန်းချက်များ
Proven Group of Companies တွင် ပါဝင်သည့် စက်ရုံများ၊ လုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု ISO 14001 ရယူထားပြီး မိမိတို့၏ ထုတ်လုပ်မှု လုပ်ငန်းစဉ်ကြောင့်လည်းကောင်း၊ အသုံးပြုသည့် ဓါတုပစ္စည်းများကြောင့် လည်းကောင်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် ထိရောက်ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု စနစ်တစ်ရပ်ထူထောင်ထားပြီးဆောင်ရွက်နေခြင်း၊ စွန့်ထွက် ပစ္စည်းများ လျော့ကျအောင် ရည်မှန်းချမှတ် လုပ်ဆောင်ခြင်း၊ Group of Companies လုပ်ငန်းစဉ်အတွက် ဝယ်ယူမှုများအား သဘာပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် ရင်းမြစ်ဆိုင်ရာထိရောက်မှု ရှိစေရေးလုပ်ဆောင် ပေးနေခြင်းဖြင့် ကုလသမဂ္ဂ ၏ ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် အမှတ်(၁၂)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ပါသည်။	12.2 12.4 12.5 12.6 12.7

16 PEACE, JUSTICE AND STRONG INSTITUTIONS	ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်နှင့် ရည်မှန်းချက်များ
Proven Group of Companies ၏ ဝန်ထမ်းတိုင်းသည် လာဘ်ပေးလာဘ်ယူမှု ကျင့်သုံးမှု မရှိစေရေး Code of Conduct ဖြင့် ထိန်းကျောင်းပေးခြင်း၊ Group of Companies တစ်ခုလုံးအနေဖြင့် ကော်ပိုရိတ်စီမံခန့်ခွဲမှု ကျင့်သုံးပြီး အဆင့်တိုင်းတွင် ပွင့်လင်းမြင်သာမှု ရှိစေရန်နှင့် မည်သည့်ခွဲခြားမှုမျိုးမှမရှိစေရေး လုပ်ကိုင်ဆောင်ရွက်နေခြင်း၊ စီမံခန့်ခွဲမှု အဆင့်တိုင်းတွင် ဆုံးဖြတ်လုပ်ပိုင်ခွင့်ရှိခြင်း၊ လုပ်ငန်းခွင်များတွင် အလုပ်သမား အဖွဲ့အစည်းများအား တည်ဆဲအလုပ်သမားရေးရာ ဥပဒေများနှင့်အညီ ဖွဲ့စည်းပေးထားခြင်းဖြင့် ကုလသမဂ္ဂ ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်အမှတ် (၁၆)ပါ ရည်မှန်းချက်များ နှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ပါသည်။	16.5 16.6 16.7 16.10 16b

17 PARTNERSHIPS FOR THE GOALS	ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်နှင့် ရည်မှန်းချက်များ
Proven Group of Companies သည် ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုရှိသည့် ကျင့်ဝတ်သိက္ခာရှိသည့် Group of Companies တစ်ရပ် အဖြစ် ရပ်တည်နေအောင် စဉ်ဆက်မပြတ် အားထုတ် ဆောင်ရွက်နေခြင်း၊ အဆိုပါ ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်းပြီး Complinace and Sustainability Officer တစ်ဦးခန့်ထားကာ ဆောင်ရွက်နေခြင်းတို့ဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင် အမှတ်(၁၂)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့	17.5 17.6 17.7 17.10 17b

PROVEN
GROUP OF COMPANIES

အခန်း(၅)

Reporting

PROVEN GROUP OF COMPANIES

ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ

၂၀၂၆ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဒါရိုက်တာအဖွဲ့၏ တင်ပြချက်ကို မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာ ဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာ စံများ (International Financial Reporting Standards) တို့နှင့်အညီ ပြုစုထားပါသည်။

(က) ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များ စီမံခန့်ခွဲမှု

ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များ စီမံခန့်ခွဲမှုရှင်းလင်းချက်ကို စာမျက်နှာ(၆၂)တွင် ပြည့်စုံစွာဖော်ပြထားပါသည်။

(ခ) အစုရှယ်ယာအမြတ်ခွဲဝေခြင်း

၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုခွဲဝေခြင်းအား ဒါရိုက်တာအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ပါသည်။

(ဂ) သိသာထင်ရှားသော လုပ်ငန်းပိုင်းဆိုင်ရာ အပြောင်းအလဲများ

၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း Solar Energy နှင့် သက်ဆိုင်သော စက်ပစ္စည်းများ ရောင်းဝယ် ဖြန့်ဖြူးရေးလုပ်ငန်း တိုးချဲ့ခြင်း၊ Proven Properties Co., Ltd တွင် မြေကွက်များ ထပ်မံဝယ်ယူခြင်း၊ Proven Technology Industry Co., Ltd ပိုင် Plant-3 ၌ ရုံးအဆောက်အဦ (Office Building) အသစ်ဆောက်လုပ်ခြင်း၊ စက်ပစ္စည်းအသစ်များ စတင်တပ်ဆင်ခြင်း၊ Proven Distribution Co., Ltd. အား Fortune Commercial Complex တွင် ပြောင်းရွှေ့ဖွင့်လှစ်ရန် ပြင်ဆင်ခြင်း ၊ Proven Group of Companies တွင် အစုရှယ်ယာများ ထပ်မံထည့်ဝင်ခြင်း၊ ၎င်း၏ လက်အောက်ရှိ ညီနောင်ကုမ္ပဏီများ၌ ရင်းနှီးမြှုပ်နှံမှုအသစ်များ ပြုလုပ်၍ လုပ်ငန်းတိုးချဲ့ခြင်းများနှင့် မြေနှင့် အဆောက်အအုံများ တိုးချဲ့ခြင်း တို့ကို လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။

(ဃ) ကုမ္ပဏီအသစ်များ နှင့် လုပ်ငန်းအသစ်များ တိုးချဲ့တည်ထောင်ခြင်း

၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် Proven Group of Companies အနေဖြင့် ကုမ္ပဏီအသစ်များ တိုးချဲ့တည်ထောင်ခဲ့ခြင်း မရှိပါ။ YMI တွင် ခဲသန့်စင်ခြင်းလုပ်ငန်းအပြင် အလူမီနီယံဖူးခွံဟောင်းများ ကြိတ်ခြေပြီး ပြည်ပတင်ပို့သည့် လုပ်ငန်းအသစ် တစ်ရပ်အား တိုးချဲ့လုပ်ကိုင်ခဲ့ပါသည်။

(င) ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်ပြီး နောက်ပိုင်း ကာလ

ဘဏ္ဍာရေး ရှင်းတမ်းများ ထုတ်ပြန်ပြီးနောက်ပိုင်း ကာလတွင် အရေးပါသောပြောင်းလဲမှုများ မရှိကြောင်း တင်ပြအပ်ပါသည်။

(စ) ပြင်ပစာရင်းစစ်

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ်အဖြစ် Proven Group of Companies အတွက် JF Audit Firm ကို လည်းကောင်း၊ Proven Technology Industry Co., Ltd. ၊ Proven Distribution Co., Ltd.နှင့် Proven Energy Co., Ltd တို့အတွက် AKO Audit Firm ကို လည်းကောင်း၊ Proven Polyworld Co., Ltd. အတွက် LLTN Audit Firm ကိုလည်းကောင်း၊ Proven International Co., Ltd. အတွက် KPP Audit Firm ကိုလည်းကောင်း၊ Yangon Metal Industry Co., Ltd. တို့အတွက် MNA Audit Frim ကို လည်းကောင်း ရွေးချယ်ငှားရမ်းတာဝန် ပေးအပ်နိုင်ရန် ဒါရိုက်တာအဖွဲ့က နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များ၏ ဆုံးဖြတ်ချက်ကို ရယူသွားမည် ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့ကိုယ်စား

သန်းထိုက်လွင်
အမှုဆောင် အရာရှိချုပ်

PROVEN
GROUP OF COMPANIES

info@proven.com.mm
www.proven.com.mm

Corporate Contact No. (+95) 9 880 876 920
Office No. (+95-1) 7 531 030 , 7 531 041 , 7 527 667

No. F/S-14, Shwe Sabai Yeik Mon, Bayintnaung Road,
Kamaryut Tsp, Yangon, Myanmar.

Visit Our Website